မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၈၆)

၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက် | ၂၀၂၄ ခုနှစ်၊ မေ ၁၂ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၂၂၀)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ကျိုင်းတုံမြို့ မြို့ရှောင်လမ်းပိုင်းအား လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျိုင်းတုံမြို့ မြို့ရှောင်လမ်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ဖွင့်လှစ်

နေပြည်တော် မေ ၁၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ မြို့ရှောင်လမ်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါလမ်းနေရာ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၅ ကော်လံ ၁ ✪

ယနေ့ ဖတ်စရာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ၂၀၂၃ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှု

ဆောင်းပါး | စာ ၁၀

လျှပ်စစ်ကား အားသွင်းကွန်ရက် တိုးချဲ့ရန် တက်စလာက အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော် သုံးစွဲမည်

နိုင်ငံတကာသတင်း | စာ ၁၃

ဖူလုံမှု၊ ဘေးကင်းမှုမှသည် မြင့်မားသောဘဝအဆင့်အတန်း တစ်ခုဆီသို့ ...

ဆောင်းပါး | စာ ၁၆

မိုးကြိုမိုးနှောင်းသတိပြုဖွယ် မိုးကြိုးသဘာဝဘေးအန္တရာယ်

မိုးကြိုကာလ ဧပြီ၊ မေလများသို့ ရောက်သည်နှင့် မြန်မာနိုင်ငံ အနှံ့အပြား လေပြင်းတိုက်ခတ်မှုနှင့် မိုးကြိုးဘေးအန္တရာယ်ကြောင့် လူနှင့် ကျွဲ၊ နွားတိရစ္ဆာန်သေဆုံးမှုသတင်းများ ကြားသိလာရပြီ ဖြစ်သည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝ ဘေးအန္တရာယ်ကျရောက်မှုများ အကြိမ်ရေနှင့် ပြင်းထန်မှုတို့ မြင့်တက်လာလျက်ရှိရာ မိုးကြိုးဘေးအန္တရာယ်သည်လည်း မြင့်မားလျက်ရှိပြီး မိမိတို့နိုင်ငံတွင် နှစ်စဉ် လူ ၁၀၀ ကျော် မိုးကြိုးကြောင့် သေဆုံးနေကြရသည်ဟု သိရသည်။

မိုးကြိုကာလ အနောက်တောင်မုတ်သုံလေ လှုပ်ရှားသည့်အချိန်တွင် မိုးကြိုးလျှပ်စီးကို ဖြစ်ပေါ်စေသည့် မိုးတိမ်တောင်များ ဖြစ်ပေါ်ခြင်းကြောင့် မိုးကြိုးအန္တရာယ်ကို သတိပြုကြရမည် ဖြစ်သကဲ့သို့ အနောက်တောင်မုတ်သုံလေ ပြန်လည်ဆုတ်ခွာသည့် မိုးနှောင်းကာလများတွင်လည်း မိုးကြိုးအန္တရာယ်မြင့်မားလာခြင်းကို သတိပြုကြရမည်ဖြစ်သည်။ တစ်နေ့တာအတွင်း မိုးကြိုးပစ်မှု အများဆုံးဖြစ်ပွားသည့်အချိန်သည် မွန်းတည့် ၁၂ နာရီမှ ညနေ ၆ နာရီအတွင်းဖြစ်သည်ဟုဆိုရာ မိုးကြိုမိုးနှောင်းကာလ မိမိနေထိုင်ရာဒေသအနီး မိုးခြိမ်းခြင်း၊ လျှပ်ပြက်ခြင်းတို့ မကြာမကြာဖြစ်ပွားနေပါက မိုးကြိုးအန္တရာယ် မြင့်မားနေပြီဖြစ်သည်။

မိမိတို့နိုင်ငံတွင် နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းဖြစ်သော ကျေးလက်နေပြည်သူများမှာ အသက်မွေးဝမ်းကျောင်းနှင့် လူနေမှုပတ်ဝန်းကျင်အနေအထားအရ သဘာဝဘေးအန္တရာယ်များနှင့် အနီးဆုံးဖြစ်ပြီး မိုးကြိုးဘေးအန္တရာယ်ကျရောက်အခံရဆုံးမှာလည်း ကျေးလက်ဒေသနေသူများ၊ လယ်ယာလုပ်ငန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူများက အများဆုံးဖြစ်သည်။ လယ်ကွင်းများ၊ သီးနှံစိုက်ခင်းများနှင့် ယာစိုက်ခင်းများ၊ ငါးမွေးမြူရေးကန်များ၊ လယ်တဲယာတဲများ၊ လယ်ကွင်းများအတွင်းရှိ သစ်ပင်ကြီးများ စသည်တို့မှာ မိုးကြိုးအန္တရာယ်မြင့်မားသည့်နေရာများဖြစ်ရာ မိုးကြိုမိုးနှောင်းကာလ မိုးရွာသွန်းခြင်း၊ မိုးခြိမ်းလျှပ်စီးလက်ခြင်းတို့ ဖြစ်ပေါ်နေချိန်တွင် မဖြစ်မနေ အလုပ်လုပ်နေကြမည့်အစား အန္တရာယ်ကိုတွက်ဆ၍ လုပ်ကိုင်ကြရန်လိုသည်။ မွေ့ဆိပ်သည် အချိန်မီကုသနိုင်လျှင် အသက်အန္တရာယ်မှ လွတ်မြောက်နိုင်သော်လည်း မိုးကြိုးမှာ စက္ကန့်ပိုင်းအတွင်း အသက်အန္တရာယ်ကျရောက်နိုင်သည်ကို သတိထားကြရမည် ဖြစ်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက မိုးကြိုးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနိုးဆော်ထားရာ မိုးကြိုကာလ မိုးရွာသွန်းခြင်း၊ မိုးခြိမ်းခြင်း၊ လျှပ်စီးလက်ခြင်းတို့ ဖြစ်ပေါ်နေချိန်တွင် တတ်နိုင်သမျှ အဆောက်အဦအတွင်း၌သာ နေထိုင်ရန်၊ အိမ်အပြင်တွင် ရောက်ရှိနေပါက အိမ်ထဲသို့ ချက်ချင်းပြေးဝင်ရန်၊ သံ/သတ္တုပစ္စည်းများကို လက်တွင် ကိုင်မထားရန်၊ သစ်ပင်၊ ဓာတ်တိုင်နှင့် သံ၊ သတ္တုပစ္စည်းများအနီးတွင် မနေရန်၊ ရေကူးကန်၊ ရေကန်၊ မြစ်ချောင်းအင်းအိုင် စသည့် နေရာများတွင်ရှိနေခဲ့လျှင် ရေထဲမှ ချက်ချင်းတက်ပြီး လုံခြုံသည့်နေရာ အမိုးအကာရှာ၍နေရန်၊ အိမ်အပြင်ဘက်တွင် လူစုလူဝေးနှင့်ဖြစ်နေပါက သီးခြားစီဖြန့်ခွဲနေရန်၊ ကွင်းပြင်တွင် ထီးထီးကြီး မနေရန်၊ လှေသမားများ၊ ရေကူးသမားများ ဖြစ်နိုင်သမျှ ကမ်းသို့ ကပ်ရန်၊ အိမ်အတွင်းတွင်ရှိနေပါက အဆောက်အဦ၏အလယ်တွင်သာနေရန်၊ ရေပိုက်များ၊ ရေဆေးခွက်များအနီး မနေရန်၊ ပြတင်းပေါက်မှ ဝေးဝေးနေရန်၊ လျှပ်လက်မိုးခြိမ်းနေစဉ် ဖုန်း၊ တီဗွီ၊ လျှပ်စစ်ပစ္စည်းများ မသုံးရန်နှင့် ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားရန်၊ ရေမချိုးရန်၊ အဆောက်အအုံတွင် မိုးကြိုးလွှဲများ ကြိုတင်တပ်ဆင်ထားရန်၊ မိုးကြိုးအပစ်ရပ်ပြီး နာရီဝက်ကျော်ကြာမှ အိမ်ပြင်ထွက်ရန် အကြံပြုထားသည်။

မိုးကြိုး၏သဘောသဘာဝများကို သိနားလည်ထားခြင်း၊ ကြိုတင်ကာကွယ်နိုင်သည့် နည်းလမ်းများကို လေ့လာမှတ်သားကာ လိုက်နာဆောင်ရွက်ခြင်း၊ မိမိ မိသားစုနှင့် ပတ်ဝန်းကျင်သို့လည်း အသိပညာမျှဝေပေးခြင်းဖြင့် နှစ်စဉ် လူနှင့်တိရစ္ဆာန် ကျွဲ၊ နွားတို့အပေါ် အသက်အန္တရာယ်အထိ ဖြစ်ပေါ်စေလျက်ရှိသော သဘာဝဘေးအန္တရာယ်ဖြစ်သည့် မိုးကြိုးအန္တရာယ်မှ ကိုယ်စီလွတ်ကင်းနိုင်ကြပါစေကြောင်း။ ။

ပညာရေးဝန်ကြီးဌာန

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၄ ခုနှစ်၊ မေလ (၂၃) ရက်နေ့မှ ဇွန်လ (၂) ရက်နေ့ထိ

နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၁၁

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မိုး/ဇလ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၅-၂၀၂၄ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၆၆၀	၂၇၄၀	၂၇၂၀	၂၆၇၀	၂၇၄၀	၂၇၅၅	၂၇၈၅	၂၇၂၀	၂၈၅၀	၂၈၀၀	၂၇၃၀	၂၇၄၅	၂၇၇၅	၂၇၈၅	၂၇၈၀	၃၁၈၅	၃၄၅၀
95 Ron	၂၇၈၅	၂၈၄၅	၂၈၂၀	၂၇၇၅	၂၈၄၅	၂၈၅၅	၂၈၇၀	၂၈၂၅	၂၉၅၅	၂၉၈၅	၂၈၃၀	၂၈၄၅	၂၈၀၀	၂၈၇၀	၂၈၀၀	၃၂၆၀	၃၅၆၀
HSD (500 ppm)	၂၃၂၅	၂၅၀၀	၂၃၈၀	၂၃၃၅	၂၄၀၅	၂၄၁၅	၂၄၂၅	၂၃၈၅	၂၅၁၅	၂၅၅၅	၂၃၉၀	၂၄၀၅	၂၄၄၀	၂၄၃၀	၂၄၄၀	၂၈၅၀	၃၅၈၀
HSD (50 ppm)	၂၃၇၀	၂၄၅၀	၂၄၂၅	၂၃၈၀	၂၄၅၀	၂၄၆၅	၂၄၇၅	၂၄၃၀	၂၅၆၀	၂၅၉၀	၂၄၄၀	၂၄၅၅	၂၄၈၅	၂၄၇၅	၂၄၈၅	၂၈၉၅	၃၆၄၀
HSD (10 ppm)	၂၃၇၀	၂၄၅၀	၂၄၂၅	၂၃၈၀	၂၄၅၀	၂၄၆၅	၂၄၇၅	၂၄၃၀	၂၅၆၀	၂၅၉၀	၂၄၄၀	၂၄၅၅	၂၄၈၅	၂၄၇၅	၂၄၈၅	၂၈၉၅	၃၆၄၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၅၂၆	၂၆၁၀
95 Ron	၂၆၂၆	၂၇၁၂
HSD (500 ppm)	၂၁၉၈	၂၂၇၁
HSD (50 ppm)	၂၂၄၄	၂၃၁၉
HSD (10 ppm)	၂၂၄၄	၂၃၁၉

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ပြည်ပအလုပ်အကိုင်အေဂျင်စီများအနေဖြင့် အခွန်လျှော့ပေါ့စေရန်ရည်ရွယ်၍ စာရင်းများအား လိမ်လည်ပြုစုတင်ပြလာကြောင်းစိစစ်တွေ့ရှိပါက ထိရောက်စွာအရေးယူခံရမည်

ရန်ကုန် မေ ၁၁

ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများအနေဖြင့် အခွန်လျှော့ပေါ့စေရန်ရည်ရွယ်၍ စာရင်းများအား လိမ်လည်ပြုစုတင်ပြလာကြောင်း စိစစ်တွေ့ရှိပါက ထိရောက်စွာ အရေးယူခံရမည်ဖြစ်ကြောင်း Safe Migration က အသိပေးကြေညာထားသည်။

ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများမှ ၂၀၂၃-၂၀၂၄ခု ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပသို့စေလွှတ်ရန် OWIC ပြုလုပ်ခဲ့သည့် အေဂျင်စီများအားလုံးအနေဖြင့် OWIC ပြုလုပ်ခဲ့သည့် စာရင်း၊ အမှန်စေလွှတ်ခဲ့သည့် စာရင်းများအား ပူး(၂)ပါ ပုံစံအတိုင်းပြုစု၍ မေ ၁၇ ရက်နောက်ဆုံးထား၍ dolmigrationtax@gmail.com သို့ တင်ပြရမည်ဖြစ်ကြောင်း၊ သတ်မှတ်ရက်အတွင်း အချိန်မီတင်ပြလာခြင်း မရှိပါက ဦးစီးဌာနမှ ပြုစုထားသည့် နိုင်ငံအလိုက် စေလွှတ်စာရင်း၊ OWIC ပြုလုပ်ခဲ့သည့် စာရင်းများအတိုင်း အခွန်ပေးဆောင်ကြရမည်ဟု ပါရှိသည်။

ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ထိုင်းနိုင်ငံအတွက် မြဝတီနှင့် ကော့သောင်းမှ MOUစနစ်ဖြင့်လည်းကောင်း၊ U-Turn စနစ်ဖြင့်လည်းကောင်း အမှန်တကယ်စေလွှတ်ခဲ့သည့်စာရင်းများကို စိစစ်ရန်၊ အခြားနိုင်ငံများအတွက် OWIC ပြုလုပ်ခဲ့သည့် စာရင်းများအပေါ် စာရင်းများမှန်ကန်မှုရှိ၊ မရှိစိစစ်ရန်လည်း Safe Migration ၏ အသိပေးထုတ်ပြန်ချက်တွင် ပါရှိသည်။

OWIC ပြုလုပ်ခဲ့မှုစာရင်းများကို ဂျပန်နှင့် စင်ကာပူနိုင်ငံအတွက် အလုပ်အကိုင်အမျိုးအစားအလိုက် ခွဲခြား၍လည်းကောင်း၊ Zero Cost လုပ်သားစေလွှတ်ခဲ့ပါက သက်ဆိုင်ရာနိုင်ငံအလိုက် ခွဲခြားဖော်ပြ၍လည်းကောင်း ပူးတွဲဇယားပုံစံအတိုင်း ပြုစုတင်ပြရမည်ဖြစ်ကြောင်း သိရသည်။ ထိုသို့ ခွဲခြားဖော်ပြရာတွင် Zero Cost ဖြင့် စေလွှတ်ခဲ့သည့် စာရင်းများကို ဖော်ပြမည်ဆိုပါက အေဂျင်စီအမည်၊ ပြည်ပကုမ္ပဏီအမည်၊ လိပ်စာ(Email၊ ဖုန်းနံပါတ်) စေလွှတ်လုပ်သားဦးရေတို့ပါသည့်ဇယားအား OWIC ပြုလုပ်ခွင့်ပြုခဲ့သည့် Telegram ပါကြေညာချက်ဇယားကို ပူးတွဲတင်ပြရန်၊ ဂျပန်နိုင်ငံအတွက် U-Turn (အလုပ်မပြောင်း)စာရင်းအား ဖော်ပြမည်ဆိုပါက အလုပ်သမားများ၏ ကိုယ်ရေးကိုယ်တာအချက်အလက်စာရင်းပြုစု၍ ယခင်ကပြုလုပ်ခဲ့သည့် OWIC ကတ်မိတ္တူနှင့် အသစ်ထုတ်ယူခဲ့သည့် OWIC ကတ် မိတ္တူပူးတွဲ၍ တင်ပြရန်လည်း ပါရှိသည်။

ထို့အတူ ပူးတွဲစာရင်းတွင် အေဂျင်စီမှ OWIC ပြုလုပ်ထားခြင်းမရှိဘဲ နိုင်ငံအလိုက်စာရင်းများ လွဲမှားစွာပါရှိနေခြင်း၊ စာရင်းများကိုက်ညီမှုမရှိခြင်းများဖြစ်နေပါက မြောက်ဒဂုံတာဝန်ခံအရာရှိထံသို့ သွားရောက်၍ စာရင်းစစ်ဆေးညှိနှိုင်းပြင်ဆင်၍ မှန်ကန်ကြောင်းထောက်ခံချက်ရယူပြီး ပူးတွဲတင်ပြရန်နှင့် OWIC ပြုလုပ်ထားသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပြည်ပသို့စေလွှတ်နိုင်သည့် လုပ်သားစာရင်းများကို ပယ်ဖျက်လိုပါက မြောက်ဒဂုံတာဝန်ခံအရာရှိထံသို့ OWIC အပ်နှံထားသည့် ထောက်ခံစာပူးတွဲတင်ပြရမည်ဟု သိရသည်။ MT

OWIC အလုပ်သမားကတ်ထုတ်ပေးရေးစခန်း (မရမ်းကုန်း)ကို တွေ့ရစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်ရှိ အဘယရာဇမုနိရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း တည်ထားကိုးကွယ်သည့် အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီးနှင့် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို

နေပြည်တော် မေ ၁၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာတောရ ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒဝစီပိတ် ဆရာတော်နှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့်ဇနီး၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်ရှိ အဘယရာဇမုနိရုပ်ပွားတော်မြတ်ကြီးနှင့် သတ္တသတ္တာဟ မဟာဗောဓိ စေတီတော်မြတ်ကြီးတို့သို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

ဖူးမြော်ကြည်ညို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ကြပြီး စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ဖူးမြော်ကာ စေတီတော်လိုဏ်အတွင်း စကျင်ကျောက်များဖြင့် ထုဆစ်ပူဇော်ထားရှိသည့် ဗုဒ္ဓဝင်များကို လှည့်လည်ကြည်ညိုကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ စေတီတော်လိုဏ်အတွင်း စကျင်ကျောက်များဖြင့် ထုဆစ်ပူဇော်ထားရှိသည့် ဗုဒ္ဓဝင်များကို လှည့်လည်ကြည်ညိုကြစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်တော် View Point နေရာမှ ကျိုင်းတုံဒေသ ရှုခင်းများကို ကြည့်ရှုကြပြီး သီလဓမ္မ ကုသိုလ်ဖြစ်ဆေးခန်းဆောင်ရွက်ထားရှိမှုနှင့် သီလဓမ္မ ဆေးရုံတော် တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ဆီမီးများကပ်လှူပူဇော်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးသို့ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အားဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ကြသည်။

အလှူငွေများလှူဒါန်း

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည်မဟာဗောဓိစေတီတော်မြတ်ကြီး ဘက်စုံထိန်းသိမ်းဆောင်ရွက်ရန်အတွက် စုပေါင်းအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ကြည်က လက်ခံရယူသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သတ္တသတ္တာဟမဟာဗောဓိ စေတီတော်မြတ်ကြီးအထက်ပစ္စယံရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ စေတီတော်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗုဒ္ဓမြတ်စွာဘုရား၏ ဖြစ်တော်စဉ်ဖွားပွင့်ဟောစံ သံဝေဇနိယလေးဌာနတို့အား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

လိုအပ်သည်များမှာကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော်အတွင်း တည်ထားကိုးကွယ်မည့် လောကသရဖူဘုရားကြီး တည်ဆောက်ရေးလုပ်ငန်းသို့ ရောက်ရှိကြပြီး *စာမျက်နှာ ၄ သို့*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မဟာဗောဓိစေတီတော်မြတ်ကြီး ဘက်စုံထိန်းသိမ်းဆောင်ရွက်ရန်အတွက် စုပေါင်းအလှူတော်ငွေများ ပေးအပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ သတ္တသတ္တာဟမဟာဗောဓိစေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုကြစဉ်။

စာမျက်နှာ ၃ မှ

တည်ထားကိုးကွယ်ရန် အတည်ပြုနေရာ ဆောင်ရွက်ထားရှိမှု၊ ကျောက်ထုတ်လုပ်ရေး စက်ရုံမှ ဘုရား တည်ဆောက်ရေးအတွက် ကျောက်များ ထုတ်လုပ်ထားရှိမှု၊ လောကသရဖူဘုရားကြီး၏ ပုံတူပုံစံငယ်လျာထား ပူဇော်ထားရှိမှု အခြေအနေများကို ကြည့်ရှုပြီး ဝစီပိတ် ဆရာတော်ကြီး၏ မိန့်ကြားမှုများအပေါ် လိုအပ်သည်များ တင်ပြလျှောက်ထားကာ တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်နေမှု တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သတ္တသတ္တာဟမဟာဗောဓိစေတီတော်မြတ်ကြီးအတွင်း လှည့်လည်ကြည်ညိုစဉ်။

အဆိုပါ ကျိုင်းတုံမြို့ အရှေ့တောင်ဘက် ၁၅ မိုင်ခန့်အကွာ ပန်ကွဲကျေးရွာအနီးရှိ ဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော်အတွင်း၌ အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီးကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသအေးချမ်းသာယာမှုရှိစေရန်၊ ထေရဝါဒဗုဒ္ဓဘာသာ တည်တံ့ခိုင်မြဲစေရန်နှင့် ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ဖြစ်စေရန် ရည်ရွယ်၍ ဦးစွာတည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်ကြောင်း၊ အလားတူ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသနှင့် အနီးဝန်းကျင်မှ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးများအနေဖြင့် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ သတ္တသတ္တာဟမဟာဗောဓိစေတီတော်မြတ်ကြီးကို ဒေသအတွင်း၌ပင် ရည်စူးဖူးမြော်နိုင်စေရန် ရည်ရွယ်၍ ဝစီပိတ်ဆရာတော်ကြီး ကိုယ်တိုင် ဦးဆောင် ပဓာနကမကထပြုကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမှူးပြုသည့် စေတနာရှင်အလှူရှင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ စုပေါင်းလှူဒါန်းမှုများဖြင့် တည်ဆောက်ပူဇော်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ယခုဆက်လက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသနှင့် ကျိုင်းတုံဒေသအတွင်း သာသနာတော်ထွန်းကားပြန့်ပွားရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်

“ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသနှင့် အနီးဝန်းကျင်မှ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးများအနေဖြင့် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးကို ဒေသအတွင်း၌ပင် ရည်စူးဖူးမြော်နိုင်စေရန် ရည်ရွယ်၍ ဝစီပိတ် ဆရာတော်ကြီးကိုယ်တိုင် ဦးဆောင် ပဓာနကမကထ ပြုကာ တည်ဆောက် ပူဇော်ခဲ့ခြင်းဖြစ်”



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော်အတွင်း တည်ထားကိုးကွယ်မည့် လောကသရဖူဘုရားကြီး တည်ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုစဉ်။

❂ ရှေ့ဖုံးမှ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အခမ်းအနား ကျင်းပပြုလုပ်မည့် နေရာသို့ရောက်ရှိကြရာ ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ကျောင်းသား ကျောင်းသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ကျိုင်းတုံမြို့ မြို့ရှောင်လမ်းအား ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျိုင်းတုံမြို့ မြို့ရှောင်လမ်း ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

အမွှေးနံ့သာရည်ပက်ဖျန်း

ဆက်လက်၍ ခရီးစဉ်တွင် လိုက်ပါလာသည့် ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်အား အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများသည် ကျိုင်းတုံမြို့ မြို့ရှောင်လမ်းဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘင်ခရာတီးဝိုင်းနှင့် ပန်းဖွားအကအဖွဲ့များ၊ တိုင်းရင်းသား ရိုးရာအကအဖွဲ့များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ မြို့ရှောင်လမ်းပိုင်းအား လိုက်လံကြည့်ရှု

စာမျက်နှာ ၆ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျိုင်းတုံမြို့ မြို့ရှောင်လမ်း ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့က ကျိုင်းတုံမြို့ မြို့ရှောင်လမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

စာမျက်နှာ ၅ မှ

စစ်ဆေးပြီး ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ မြို့ရှောင်လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကုန်စည်စီးဆင်းမှုမြန်ဆန်

အဆိုပါမိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ - တာချီလိတ် လမ်းကြောင်းပေါ်ရှိ ကျိုင်းတုံမြို့ မြို့ရှောင်လမ်းအား ကျိုင်းတုံမြို့အတွင်း ယာဉ်ကြောပိတ်ဆို့မှုလျှော့ချနိုင်ရေးနှင့် ကုန်စည်စီးဆင်းမှုများ ပိုမိုမြန်ဆန်ချောမွေ့စေရေးတို့အတွက် ရည်ရွယ်၍ ၂၀၁၉ ခုနှစ် တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် အဆိုပါမြို့ရှောင်လမ်းသည် အကျယ် ၂၃ ပေ၊ လမ်းအရှည် ၆ မိုင်ရှိ ကတ္တရာ - ကွန်ကရစ်အမျိုးအစားဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ ကျိုင်းတုံမြို့ မြို့ရှောင်လမ်းဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများ သက်ဆိုင်ရာသင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိ

နေပြည်တော် မေ ၁၁

ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ဥပဒေအမှတ် (၂၇/၂၀၁၀)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်တွင် ယင်းဥပဒေအား အသက်ဝင်စေခဲ့ကာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)ကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောင်မြင်စွာ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုအခါတွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂)သို့ တက်ရောက်ရန်အတွက် သက်ဆိုင်ရာသင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိလာကြသည့် နိုင်ငံ့သားကောင်းရတနာများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက အောင်သပြေများဖြင့် သောင်းသောင်းဖျဖျ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။ ထိုသို့ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂) တွင် သင်တန်းတက်ရောက်ရန် ဝင်ရောက် လာခဲ့ကြသူများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံသင်တန်းကျောင်းများတွင် ကျန်းမာရေးဆေးစစ်ပေးခြင်း၊ စစ်အသုံးအဆောင်ပစ္စည်းများထုတ်ပေးခြင်း၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းများ ဆောင်ရွက်ပေးကြပြီး တာဝန်ရှိသူများက ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ခဲ့ကြသည်။

ပြည်သူ့စစ်မှုထမ်း အမှတ်စဉ် (၂) သင်တန်းသားများအား စစ်ဝတ်ပစ္စည်းများ ပေးအပ်စဉ်။

ပြည်သူ့စစ်မှုထမ်း အမှတ်စဉ် (၂) သင်တန်းသားများအား ကြိုဆိုကြစဉ်။

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိကြပြီး ယင်းတာဝန်များကို ထမ်းဆောင်ရန်အတွက် စစ်ပညာ သင်ကြားရန်နှင့် နိုင်ငံတော် ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းခဲ့ရခြင်းဖြစ်သည်။

ယခုကဲ့သို့ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် နိုင်ငံတော်၏ ကာကွယ်ရေး တာဝန်များကို ထမ်းဆောင်ရန်အတွက် ရဲဝံ့သည့်စိတ်ဓာတ်များဖြင့် ဝင်ရောက်လာသော နိုင်ငံ့သားကောင်းရတနာများကို အစဉ်အမြဲလေးစားဂုဏ်ယူလျက်ရှိကြောင်း သတင်းရရှိသည်။

ပြည်သူ့စစ်မှုထမ်း အမှတ်စဉ် (၂) သင်တန်းသားများ ဗဟုသုတရသည့်စာပေများ လေ့လာဖတ်ရှုကြစဉ်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်ရာတွင် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသည့် စစ်လက်နက်နည်းပညာများကို မျက်ခြည်မပြတ်လေ့လာသိရှိနေရမည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် မေ ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဖွဲ့ဝင်းမြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

တိုက်စွမ်းရည်၊ တိုက်စွမ်းအားပြည့်ဝပြီး စစ်ရေးအသိ၊ စစ်ရေးသတိအမြဲရှိရန်

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအားလုံးကို ယခုကဲ့သို့တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန်အဓိကတာဝန်ရှိပြီး ထိုသို့တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တိုက်စွမ်းရည်၊ တိုက်စွမ်းအားများ ပြည့်ဝရမည်ဖြစ်ကြောင်း၊ တိုက်စွမ်းရည် ပြည့်ဝစေရေးအတွက် တပ်မတော်သား တစ်ဦးချင်းစီအလိုက် ရှိသင့်ရမည့်အရည်အချင်းများနှင့် တပ်ဖွဲ့တစ်ခုချင်းစီအလိုက် အရည်အချင်းများ ရှိရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းစီအလိုက်၊ တပ်ဖွဲ့တစ်ဖွဲ့ချင်းစီအလိုက် စစ်ရေးအသိ၊ စစ်ရေးသတိရှိရန်လိုပြီး နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် ပတ်သက်ပါက ဖြစ်ပေါ်လာနိုင်သည်များကို ကြိုတင်မျှော်တွေး ပြင်ဆင်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း။

ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို အလေးအနက်ထားဆောင်ရွက်ကြရန်လို

ရှမ်းပြည်နယ်(အရှေ့ပိုင်း) သည် လမ်းပန်းဆက်သွယ်မှုခက်ခဲသည့် ဒေသတစ်ခုဖြစ်သဖြင့် နိုင်ငံတော်အစိုးရနှင့် တပ်မတော်မှတာဝန်ရှိသူများက ယခင်ကတည်းကပင် လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာစေရေး၊ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်း စားသုံးမှုဖူလုံရေးတို့အတွက် ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ နယ်မြေခံတပ်များ၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်စေရေးနှင့် ကျန်းမာကြံ့ခိုင်မှုရှိစေရေးတို့ကိုလည်း အလေးထားဆောင်ရွက်ခဲ့ကြကြောင်း၊ ဒေသနှင့် ဒေသတွင် နေထိုင်ကြသည့် တိုင်းရင်းသားပြည်သူလူထုတို့၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ကြခြင်းပင် ဖြစ်ကြောင်း၊ နယ်မြေခံတပ်များအနေဖြင့်လည်း မိမိတို့တပ်များအလိုက် နယ်မြေဒေသလုံခြုံရေး၊ နယ်မြေစိုးမိုးရေးလုပ်ငန်းများကို ကြိုတင်မျှော်တွေး၍ ဆောင်ရွက်ကြရန်လိုပြီး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရာတွင် ရေရှည်ကိုမျှော်တွေး၍ အလေးအနက်ထားဆောင်ရွက်ကြရန် မှာကြားလိုကြောင်း၊ တပ်မတော်သားများအားလုံး အနေဖြင့် အမြဲတိုက်ပွဲဝင်အသင့်ဖြစ်စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် လိုကြောင်း၊ တစ်ဦးချင်းကျန်းမာကြံ့ခိုင်ရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်ရန်လိုသကဲ့သို့ သမားစဉ်လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်နေခြင်းသည် မိမိကိုယ်ကို လေ့ကျင့်နေခြင်းပင်ဖြစ်ကြောင်း၊ မည်သည့်အခြေအနေမျိုးတွင်ဖြစ်စေ စည်းကမ်းအတိုင်းလိုက်ပါလုပ်ဆောင်နိုင်ခြင်းသည် မိမိတို့အရည်အသွေးကို မြှင့်တင်ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

ခေတ်နှင့်အညီ ပြောင်းလဲလာသည့် စစ်နည်းဗျူဟာများအား မပြတ်လေ့လာပြီးတိုက်ပွဲဝင်အသင့် ဖြစ်အောင် လေ့ကျင့်ဆောင်ရွက်

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရာတွင် ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်လာသည့် စစ်လက်နက်နည်းပညာများကိုလည်း မျက်ခြည်မပြတ် လေ့လာသိရှိနေရမည်ဖြစ်ကြောင်း၊ ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို ကြိုတင်မျှော်တွေးပြင်ဆင်၍ လိုအပ်သည်မှန်သမျှကိုပြင်ဆင်ဆောင်ရွက်ကြရန်လိုကြောင်း၊ စစ်သည်တစ်ဦးချင်းစီအလိုက် အမြဲတမ်းတိုက်ပွဲဝင်အသင့် (Fit for Fight) ဖြစ်စေရေးအတွက် လေ့ကျင့်မှုများကို မှန်မှန်ကန်ကန် ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ စစ်သည်များအားလုံး ကျန်းမာရေးကောင်းမွန်ပြီး ကြံ့ခိုင်သန်စွမ်းရေး၊ ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာများအသင့်ဖြစ်နေစေရေး လေ့ကျင့်ဆောင်ရွက်ပေးနေရန် လိုကြောင်း၊ စစ်သည်တစ်ဦးချင်းစီအလိုက် ၎င်းတို့၏ အရည်အချင်းနှင့် လုပ်ကိုင်နိုင်စွမ်းအပေါ် မူတည်၍ သင့်တော်သည့်လုပ်ငန်းတာဝန်များကို နေရာမှန် တာဝန်ပေးအပ်ပြီး တာဝန်ထမ်းဆောင်ရန် အမြဲအသင့်ဖြစ်စေရေး (Fit for Duty) ဖြစ်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက လုပ်ငန်းတာဝန်များသည်လည်း ပိုမိုတိုးတက်အောင်မြင်လာမည်ဖြစ်ကြောင်း။

စည်းကမ်းစနစ်တကျရှိပြီး မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်ကြရန်

တပ်မတော်သားများ အနေဖြင့် စစ်စည်းကမ်းနှင့်အညီ နေထိုင်ကျင့်ကြံရမည်ဖြစ်ပြီး တစ်ဦးချင်းနှင့် အဖွဲ့အစည်းအပေါ် ထိခိုက်စေနိုင်သည့် လုပ်ကိုင်ပြုမူနေထိုင်မှုများကို ရှောင်ကြဉ်ကြရန် လိုကြောင်း၊ အသောက်အစား အပျော်အပါးများကြောင့် မိမိတို့ တစ်ဦးချင်းစွမ်းဆောင်ရည်များနှင့် မိမိတို့၏ မိသားစု၊ အဖွဲ့အစည်းအပေါ်တွင် ထိခိုက်မှုမရှိအောင် ထိန်းထိန်းသိမ်းသိမ်းနေထိုင်ကြရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း ကိုယ်စီ အသိတရား၊ ဆင်ခြင်တုံတရားများဖြင့် ထိန်းသိမ်းနေထိုင်ခြင်းဖြင့် မိမိကိုယ်မိမိ တည်ဆောက်ကြရမည်ဖြစ်ကြောင်း။

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ တတ်စွမ်းသရွေ့ ဖြည့်ဆည်းပေးလျက်ရှိ

တပ်မတော်အနေဖြင့် တပ်မတော်သားများနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက် နေရေး၊ စားရေး၊ ဝတ်ရေး၊ ကျန်းမာရေးနှင့် အခြားအထွေထွေလိုအပ်ချက်များကို တတ်စွမ်းသရွေ့ အမြဲမပြတ်ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်တွင်ဖြစ်ပေါ်နေသော အခြေအနေများအရ လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ထမ်းဆောင်နေရသည့်တပ်များမှ စစ်သည်များနှင့် မိသားစုဝင်များအတွက်လည်း ထိုက်သင့်သည့်ချီးမြှင့်မှုများနှင့် လိုအပ်သည့်သက်သာချောင်ချိရေး ကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ကြရေး တိုက်တွန်းလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိသားစု၏ စားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ပြီး သက်သာချောင်ချိမှုဖြစ်ပေါ်နိုင်မည်ဖြစ်ကြောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၏ သက်သာချောင်ချိရေးကိစ္စရပ်များကို တာဝန်ရှိသူများအနေဖြင့် စနစ်တကျဖော်ဆောင်ပေးသွားရန်လိုကြောင်း။

တပ်မတော်သားမိသားစုဝင် သားသမီးများ၏ ပညာရည်မြင့်မားရေး

တပ်မတော်သားမိသားစုဝင် သားသမီးများ၏ ပညာရေးနှင့်ပတ်သက်၍ မကြာမီတွင် ကျောင်းအပ်နှံရေးရက်သတ္တပတ်သို့ ရောက်ရှိတော့မည်ဖြစ်သဖြင့် မိသားစုဝင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံနိုင်ရေး လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြစေလိုကြောင်း၊ ပညာရေး

စာမျက်နှာ ၈ သို့

❍ ပြည်သူက အားကိုးရသည့်၊ တိုင်းပြည်က အားထားရသည့် တပ်မတော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရာတွင် စုစည်းညီညွတ်သည့်အားဖြင့် ပြည်သူ့အကျိုးကို ဖော်ဆောင်ပေးရန်၊ တိုင်းပြည်ကို ကာကွယ်နိုင်ရန်လိုပြီး ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် တပ်တွင်းစည်းလုံးညီညွတ်ရေးသည် အလွန်အရေးကြီး၊ တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကို၊ မောင်ရင်းနှမသဖွယ် စိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်ဖြင့် စည်းစည်းလုံးလုံးနေထိုင်ကြရန်၊ ပေးအပ်လာသည့် အမိန့်နှင့်တာဝန်ကို ကျေပွန်စွာတာဝန်ထမ်းဆောင်ကြရန်လို

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

စာမျက်နှာ ၇ မှ

ကောင်းမွန်မှသာလျှင် ၎င်းတို့၏ ဘဝတစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုစေနိုင်မည် ဖြစ်သဖြင့် ပညာရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ တပ်မတော်အနေဖြင့် တပ်မတော်သားမိသားစုဝင် ကျောင်းသား ကျောင်းသူများ၏ ပညာရည်မြင့်မားစေရေးအတွက် စဉ်ဆက်မပြတ် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသဖြင့် မိဘများအနေဖြင့်လည်း မိမိတို့ကလေးငယ်များ၏ ပညာရည်မြင့်မားရေးကို အလေးပေးဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ကျောင်းနေအရွယ်မှစ၍ အဆင့်မြင့်တက္ကသိုလ်ပညာအထိ သင်ယူနိုင်ရေး မိဘများမှ အခွင့်အလမ်းကောင်းများကို ဖော်ဆောင်ပေးကာ ၎င်းတို့ဘဝအတွက် မှန်ကန်ကောင်းမွန်သည့် လမ်းကြောင်းမှန်ကို ညွှန်ပြပေးနိုင်ရမည် ဖြစ်ကြောင်း၊ ကျောင်းမှ သင်ကြားပေးသည့် ပညာရပ်များအပြင် အခြားအသိပညာဗဟုသုတများ ကြွယ်ဝစေရေးအတွက်လည်း မိမိကိုယ်တိုင်စာဖတ်ရန် လိုအပ်သကဲ့သို့ မိမိတို့၏ ကလေးငယ်များကိုလည်း စာကောင်းပေမွန်များ ဖတ်ရှုလေ့လာသည့် အလေ့အကျင့်များ ဖြစ်ပေါ်လာအောင် တွန်းအားပေးကြရမည်ဖြစ်ကြောင်း။

တပ်တွင်းစည်းလုံးညီညွတ်ရေးဖြင့် စုစည်းညီညွတ်သည့်အားကို တည်ဆောက်

ပြည်သူကအားကိုးရသည့်၊ တိုင်းပြည်က အားထားရသည့် တပ်မတော်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ရာတွင် စုစည်းညီညွတ်သည့်အားဖြင့် ပြည်သူ့အကျိုးကို ဖော်ဆောင်ပေးရန်၊ တိုင်းပြည်ကို ကာကွယ်နိုင်ရန်လိုပြီး ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် တပ်တွင်းစည်းလုံးညီညွတ်ရေးသည် အလွန်အရေးကြီးကြောင်း၊ တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကို၊ မောင်ရင်းနှမသဖွယ်စိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်ဖြင့် စည်းစည်းလုံးလုံး နေထိုင်ကြရန်၊ ပေးအပ်လာသည့် အမိန့်နှင့် တာဝန်ကို ကျေပွန်စွာတာဝန်ထမ်းဆောင်ကြရန်လိုကြောင်း၊ ဦးစီးခေါင်းဆောင်များအနေဖြင့်လည်း မိမိတို့၏လက်အောက်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေးနိုင်ရမည်ဖြစ်ပြီး ညီညွတ်မှုတသည့် အုပ်ချုပ်မှုပုံစံရှိရမည်ဖြစ်ကြောင်း၊ တပ်မှူးကောင်းသဖွယ် စိတ်ဓာတ်၊ ဖခင်သဖွယ် စိတ်ဓာတ်ဖြင့် ကွပ်ကဲအုပ်ချုပ်ရမည် ဖြစ်ကြောင်း၊ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များအားလုံး ညီညီညွတ်ညွတ်ဖြင့် စည်းလုံးညီညွတ်စွာနေထိုင်ကြရန်လိုပြီး နိုင်ငံတော်နှင့် တပ်မတော်မှ ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း မှာကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ ဇနီးက လည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

တိုင်းစစ်ဌာနချုပ်တွင်း စိုက်ပျိုးမွေးမြူရေး အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ်အတွင်း စိုက်ပျိုးမွေးမြူရေး အကောင်အထည်ဖော်ဆောင်ရွက်ထားမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ တိုင်းမှူးက တိုင်းစစ်ဌာနချုပ်စိုက်ပျိုးမွေးမြူရေးဇုန်များတွင် စပါး၊ ပြောင်း၊ နေကြာ၊ တစ်သျှူးငှက်ပျောနှင့် ရာသီသီးနှံများ စိုက်ပျိုးထားရှိသည့်အခြေအနေများ၊ နို့စားနွား၊ ဆိတ်၊ DYL ဝက်၊ ငါး၊ ဥစားကြက်နှင့် အသားစားကြက်များ၊ ကာကီကင်းဘဲများ မွေးမြူထားရှိသည့် အခြေအနေများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် အသား၊ ငါး၊ နို့၊ ဥနှင့် ဟင်းသီးဟင်းရွက်များအား တပ်မိသားစုများနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို အခမဲ့ပေးဝေခြင်းနှင့် ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က စပါးနှင့် ပြောင်းများစိုက်ပျိုးရာတွင် စနစ်တကျဖြင့် စိုက်ပျိုး၍ တစ်ဧကအထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ သီးနှံများစိုက်ပျိုးရာတွင် စားရေးကို အဓိကအထောက်အကူပြုစေမည့် သီးနှံပင်များကိုသာ ဦးစားပေးအဖြစ် စိုက်ပျိုးရန်လိုကြောင်း၊ အလားတူ တပ်မိသားစုများ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး လုပ်ငန်းများဖြင့် သီးနှံများစိုက်ပျိုးစေရေး အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ကြက်များမွေးမြူရာတွင်လည်း ဒေသကြက်များကိုလည်း အောင်မြင်စွာ မွေးမြူနိုင်ရေးဆောင်ရွက်ရန်လိုကြောင်း၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် အကျိုးအမြတ်အတွက် မဟုတ်ဘဲ တပ်မတော်သားမိသားစုဝင်များ သက်သာချောင်ချိစေရေးနှင့်စားရေးအတွက် အဓိကဆောင်ရွက်ခြင်းဖြစ်သဖြင့် အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးဇုန်မှ ထွက်ရှိသည့်စိုက်ပျိုးမွေးမြူရေး ထွက်ကုန်များ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးဇုန်အတွင်း မွေးမြူရေးလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

ဘားအံမြို့၌ သစ်တောနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဟောပြော

ဘားအံ မေ ၁၁

ကရင်ပြည်နယ် ဘားအံမြို့၌ သစ်တောနှင့်ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးပုမ်ဇဂင့်က ဟောပြောပွဲ၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇင်ထွန်းက သစ်တောနှင့် ဇီဝမျိုးကွဲဆိုင်ရာ အသိပညာပေးခြင်းနှင့် ကရင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးသူရက မီးခိုးမြူငွေ့နှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် မီးလောင်ကျွမ်းခြင်းအရေအတွက် လျှော့ချရေး ဟောပြောပြီးနောက် ကျောင်းသား ကျောင်းသူများက ဘားအံမြို့ မြို့မဥယျာဉ်သို့ သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

စိုးစိုးအေး ခရိုင်(ပြန်/ဆက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် မအူပင်ခရိုင် ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသပေးနေမှုနှင့် ပန်းတနော်မြို့နယ် ဘုရားချောင်းကျေးရွာအုပ်စု၌ Gasifier ၊ Gas Engine စနစ်ဖြင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်တပ်ဆင်ရေးလုပ်ငန်း ဆောင်ရွက်နေမှု သွားရောက်ကြည့်ရှုအားပေး

ပုသိမ် မေ ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပန်းတနော်မြို့နယ် အင်းမကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး မအူပင်ခရိုင် ပြည်သူ့ဆေးရုံကြီးမှအထူးကုဆရာဝန်ကြီးများ ကွင်းဆင်း၍ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးသည်။

ဆေးကုသမှုကြည့်ရှုအားပေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် အထွေထွေရောဂါကုသမားတော်၊ နှာခေါင်းနှင့် လည်ချောင်းအထူးကု၊ ခွဲစိတ်ရောဂါအထူးကု၊ မျက်စိအထူးကု၊ ကလေးအထူးကု၊ သားဖွားမီးယပ်အထူးကု၊ ဓာတ်မှန်၊ သွားနှင့် ခံတွင်းရောဂါအထူးကု၊ စိတ်ရောဂါအထူးကု၊ ထိခိုက်ဒဏ်ရာနှင့် အရိုးအထူးကု၊ အရိုးအကြောအဆစ် ပြန်လည်သန်စွမ်းရေး အထူးကုဆရာဝန်ကြီးများ ဦးဆောင်၍ ဒေသခံပြည်သူများအား ကွင်းဆင်းဆေးကုသမှုပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ **(အပေါ်ပုံ)** အထူးကုဆရာဝန်ကြီးများကို လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် မအူပင်ခရိုင် ပန်းတနော်မြို့နယ် ဘုရားချောင်းကျေးရွာအုပ်စုရှိ Global Earth Agro & Aqua Industry Public Co., Ltd သို့ ရောက်ရှိကြပြီး စပါးခွံလောင်စာသုံး Gasifier engine ဖြင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်တပ်ဆင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုသည်။(ယာပုံ)

လိုက်လံရှင်းလင်းပြသ

ကြည့်ရှုစဉ် Global Earth Agro & Aqua Industry Public Co., Ltd ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စက်ရုံ၌ Gasifier စနစ်ဖြင့် လျှပ်စစ် ၁၂ မဂ္ဂါဝပ် ထုတ်လုပ်ရန်အတွက် Reactor မီးဖို ၁၂ လုံး တည်ဆောက်ထားရှိမှု၊ မီးဖိုနှင့်ဆက်စပ်လည်ပတ်မည့် Gas Engine ၁၃ လုံး ရောက်ရှိတပ်ဆင်ထားမှု၊ Gas ပို့လွှတ်စမ်းသပ်ထုတ်လုပ်နေမှုနှင့် အဆင့်ဆင့်ထုတ်လုပ်သွားမည့် အခြေအနေများ၊ သန့်စင်ဓာတ်ငွေ့များကို ဓာတ်ငွေ့လှောင်ကန်တွင်စုဆောင်းပြီး Gasifier Engine သို့ ပို့လွှတ်ကာ လျှပ်စစ်ထုတ်လုပ်သည့်စနစ်၊ စပါးခွံများ စနစ်တကျသိုလှောင်နိုင်ရန် သိုလှောင်ရုံများ တည်ဆောက်နေမှု၊ CARBON – BASED ORGANIC NPK FERTILIZER စက်ရုံတည်ဆောက်ရေး စီမံကိန်း လျာထားဆောင်ရွက်နေမှု၊ ရေထိန်းကန်များ၊ ရေသွင်းရေထုတ်မြောင်းများ၊ ရေထိန်းတံခါးနှင့် ငါးမွေးကန်များ တည်ဆောက်ပြီးစီးမှု၊ ဇီဝလောင်စာသုံး စပါးခွံ လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်တပ်ဆင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဇီဝလောင်စာသုံး Bio-mass စပါးခွံအသုံးပြု၍ Steam Turbine စနစ်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် စက်ရုံတွင် Steam Turbine နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု၊ ခေတ်မီ Circular Tank (Intensive Culture) စနစ်ဖြင့် စမ်းသပ်ငါးမွေးမြူနေမှု၊ ငါးအသားလွှာ ပြုပြင်ထုတ်လုပ်ခြင်းနှင့် အေးခဲစက်ရုံတွင် အအေးပေးသည့်စနစ်အတွက် စက်ပစ္စည်းများ တပ်ဆင်ပြီးစီးနေမှုများ၊ Automatic Cold Storage Warehouse စနစ်အတွက် Racking System များ တပ်ဆင်နေမှုများနှင့် ပတ်သက်၍ လိုက်လံရှင်းလင်းပြသကြသည်။

နိုင်ငံခြားဝင်ငွေတိုးမြှင့်ရရှိရေး

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့အား Global Earth Agro & Aqua Industry Public ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌက ကုမ္ပဏီအစည်းအဝေးခန်းမ၌ စီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ စီမံကိန်းလုပ်ငန်းအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားကို စပါးခွံလောင်စာသုံး (Gasifier)မှ ၁၂ မဂ္ဂါဝပ်နှင့် စပါးခွံလောင်စာသုံး ရေနွေးငွေ့လျှပ်စစ်ဓာတ်အားမှ ၃၀ မဂ္ဂါဝပ်ဖြန့်ဖြူးထုတ်လုပ်ပေးနိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ စီမံကိန်းတစ်ခုလုံး ပြီးစီးပါက ငါးမွေးမြူရေးမှစ၍ တန်ဖိုးမြင့်ထုတ်ကုန်အမျိုးမျိုးကို ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ ရောင်းချနိုင်မည့်အခြေအနေ၊ ပြည်တွင်းစားသုံးမှုဖူလုံရေး၊ သွင်းကုန်အစားထိုးစီမံချက်နှင့် နိုင်ငံခြားဝင်ငွေတိုးမြှင့်ရရှိရေးအတွက် အထောက်အကူပြုနိုင်မည့်အခြေအနေ၊ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများနှင့် တိရစ္ဆာန်အစာတောင့်ထုတ်လုပ်မည့် အခြေအနေများ၊ ISO လက်မှတ်ရ ဓာတ်ခွဲခန်းလုပ်ငန်းဆောင်ရွက်မည့်အခြေအနေကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က Gasifier Engine နှင့် Steam Turbine တို့ဖြင့် လျှပ်စစ်ထုတ်ယူနိုင်ရေးအတွက် စပါးခွံလိုအပ်ချက်နှင့် ငါးအစာတောင့်အတွက် ကုန်ကြမ်းလိုအပ်ချက်အပေါ် ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိုင်ငံတော်၏ လျှပ်စစ်လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးသည့်အနေဖြင့် စပါးခွံလောင်စာအသုံးပြု Gasifier Engine စနစ် / Steam Turbine စနစ်တို့ဖြင့် ၄၂ မဂ္ဂါဝပ်ထုတ်လုပ်နိုင်ရေး စက်တပ်ဆင်လျက်ရှိရာ လျာထားသတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေးနှင့် ငါးအစာတောင့်ထုတ်လုပ်ရာတွင် လိုအပ်သော ကုန်ကြမ်းများကို တိုင်းဒေသကြီးမှ ဖြည့်ဆည်းပေးပြီး လုပ်ငန်းအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

စပါးကြိတ်ခွဲစက်ကြည့်ရှုအားပေး

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ညောင်တုန်းမြို့နယ် ကျွန်းဦးကျေးရွာအုပ်စုရှိ "ဝါဝါဝင်း" စိုက်ပျိုးမွေးမြူရေးကုမ္ပဏီသို့ ရောက်ရှိပြီး ကုမ္ပဏီစိုက်ခင်းမှ ရိတ်သိမ်းထားသော ထွန်းပုံ၊ GW 11 ၊ ရက် ၉၀ စပါးများကို စပါးကြိတ်ခွဲစက်အသေးဖြင့် ကြိတ်ခွဲနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ကုမ္ပဏီမန်နေဂျာက "ဝါဝါဝင်း" စိုက်ပျိုးမွေးမြူရေးကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသည့် ငါးမွေးမြူရေးလုပ်ငန်းနှင့် စပါးစိုက်ပျိုးရိတ်သိမ်းမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ကုမ္ပဏီဝင်းအတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဆရာစံတောင်ရပ်ကွက်၊ ဆရာစံ မြောက်အရှေ့ရပ်ကွက်၊ ဆရာစံ မြောက်အနောက်ရပ်ကွက်ရှိ ပြည်သူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဗဟန်းမြို့နယ်ဦးစီးမှူးရုံးမှ ဒုတိယလဝကမှူး ဒေါ်ခင်ခင်လေး၊ ဒုတိယလဝကမှူး ဒေါ်အေးဖြူအောင်နှင့် လက်ထောက်လဝကမှူး ဦးအောင်သူဖြိုးတို့က ပန်းခင်းစီမံချက် အဆင့် (၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုဇယားထုတ်ပေးခြင်းလုပ်ငန်းများကို မေ ၁၁ ရက်က ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

မြို့နယ်(ပြန်/ဆက်)

နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

နေပြည်တော် မေ ၁၁

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

မိုး/ဇလ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ၂၀၂၃ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှု

မောင်တည်ကြည်

ကမ္ဘာတစ်ဝန်းမှာ ဆိုးရွားစွာပျံ့နှံ့နေတဲ့ အဂတိလိုက်စားမှုများသည် ဒီမိုကရေစီစနစ်နဲ့ တရားဥပဒေစိုးမိုးရေးကို ယိုယွင်းပျက်စီးစေတဲ့အပြင် လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ အကြမ်းဖက်မှုများနှင့် လူသားတို့၏ ဘဝအရည်အသွေးများကို လျော့ပါးပျက်စီးစေခြင်းများ ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအားလုံး ထိရောက်စွာ ပူးပေါင်းတိုက်ဖျက်နိုင်ရေးအတွက် ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် ကျင်းပသည့် ကုလသမဂ္ဂ အထွေထွေ ညီလာခံ၏ ဆုံးဖြတ်ချက်အမှတ် ၅၈/၄ ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း (United Nations Convention Against Corruption –UNCAC) ကို တညီတညွတ်တည်း ပြဋ္ဌာန်းခဲ့ပါသည်။ မြန်မာနိုင်ငံအနေနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းသို့ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ၁၆၅ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် အတည်ပြုဝင်ရောက်ခဲ့ပါသည်။

မိမိတို့နိုင်ငံသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံ ဖြစ်သည်နှင့်အညီ ကွန်ဗင်းရှင်းပါ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၃ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ရည်ရွယ်ချက်များကို ပိုမိုထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို အမြဲသုံးသပ်လျက်ရှိပြီး ပဉ္စမအကြိမ်အထိ ပြင်ဆင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

အဂတိလိုက်စားမှုသည် နိုင်ငံရေးနယ်ပယ်၊ စီးပွားရေးနယ်ပယ်နှင့် အုပ်ချုပ်ရေးနယ်ပယ်များတွင် ငွေကြေး၊ ပစ္စည်း၊ လုပ်ပိုင်ခွင့်ဆိုင်ရာ ပုံစံအမျိုးမျိုးဖြင့် ဖြစ်ပွားလျက်ရှိပြီး နိုင်ငံ၏ စီးပွားရေးကို ထိခိုက်စေသည့်အပြင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကိုလည်း နှောင့်နှေးကြန့်ကြာစေသည့် အကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေး၊ တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူအခြေပြုနည်းလမ်းများဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှု ပြဿနာသည် ကြီးမားသော ခလုတ်တံသင်းဖြစ်သည့်အတွက် အဂတိလိုက်စားမှုများကို ထိထိရောက်ရောက် တိုက်ဖျက်ပြီး အဂတိကင်းစင်သော လူ့အသိုက်အဝန်းဖြစ်ပေါ်စေရေး ဆောင်ရွက်လျက်ရှိပါသည်။

အဂတိလိုက်စားမှုသည် အကျင့်ပျက်ခြစားမှုဖြစ်ပြီး လူအများ၏ စိတ်ဓာတ်နှင့် စာရိတ္တများပျက်စီးစေသည့်အပြင် နိုင်ငံအတွက် အန္တရာယ်ဖြစ်သဖြင့် နိုင်ငံတော်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး ထိရောက်သည့်ဟန့်တားဆောင်ရွက်မှုများနှင့် အရေးယူခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။ အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းစေရေး ဆောင်ရွက်ရာတွင် စုံစမ်းစစ်ဆေးအရေးယူမှု တစ်ခုတည်းဖြင့် ဆောင်ရွက်မည်ဆိုပါက လုံလောက်မှုမရှိသည့်အတွက် အဂတိလိုက်စားမှုကို လုံးဝလက်မခံသော ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေးနှင့် အကျင့်ပျက်ခြစားမှုများမရှိစေရေး အခြေခံအကျဆုံးဖြစ်သည့် အသိပညာပေးရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်များကိုပါ အချိန်နှင့်တစ်ပြေးညီ အလေးထားလုပ်ဆောင်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား၌ ပြောကြားခဲ့ပါသည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏

■ **ပြည်ထောင်စုဝန်ကြီးဌာနများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များနှင့် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်များ၌ ဖွင့်လှစ်သည့် သင်တန်း ၄၅ ခု၌ သင်တန်းသား ၂၁၇၈ ဦးအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောမှုများကို ကော်မရှင်ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးအရာထမ်းများက ဆောင်ရွက်နိုင်ခဲ့**

■ **တိုင်းဒေသကြီး/ ပြည်နယ်များရှိ ပညာရေးဝန်ကြီးဌာန အခြေခံပညာအထက်တန်းကျောင်း ၃၄ ကျောင်း၌ ဖွင့်လှစ်သည့် နွေရာသီကျောင်းပိတ်ရက် ဆရာ/ဆရာမများ မွမ်းမံသင်တန်းများတွင် ဆရာ/ဆရာမ ၉၀၂၇ ဦးအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာများ တိုးပွားလာစေရန်နှင့် ကျောင်းသားလူငယ်များ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးကို စာသင်ခန်းများမှ စတင်နိုင်ရန် ရည်ရွယ်၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့**

"အဂတိပယ်ခွာ ပြည်သာယာ" ဟူသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့် ပြည်သူလူထုအားလုံးက အဂတိလိုက်စားမှု အကျင့်ဆိုးကို လုံးဝလက်မခံ ဝိုင်းဝန်းတိုက်ဖျက်သည့်မူဝါဒ Zero Tolerance Policy ချမှတ်ပြီး အဂတိကင်းစင်သည့် လူ့ဘောင်ကို အတူတကွ ထူထောင်ကြပါစို့ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနား၌ အလေးအနက်ထား ပြောကြားခဲ့ပါသည်။

ထို့ကြောင့် ကော်မရှင်သည် နိုင်ငံအတွင်းပျံ့နှံ့နေသော အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းသွားစေရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းစေရေး ရည်မှန်းလျက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်ကို ၂၀၁၈ ခုနှစ်မှစ၍ လေးနှစ်တစ်ကြိမ် ရေးဆွဲကာ နှစ်အလိုက် လုပ်ငန်းအစီအစဉ်များချမှတ်ပြီး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပေသည်။

ကော်မရှင်ဖွဲ့စည်းခြင်း

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ၂၀၁၄ ခုနှစ်မှာ ပထမအကြိမ်၊ ၂၀၁၇ ခုနှစ်မှာ ဒုတိယအကြိမ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် တတိယအကြိမ် ကော်မရှင်အား ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် ကိုးဦး စုစုပေါင်း ၁၁ ဦးတို့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။

ကော်မရှင်သည် ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပိုမိုကျစ်လျစ်ခိုင်မာစွာ ဆောင်ရွက်နိုင်ရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)အရ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များပါဝင်သည့် လုပ်ငန်းကော်မတီ ခြောက်ရပ်ကို ဖွဲ့စည်းတာဝန်ပေးအပ်ထားကြောင်း တွေ့ရှိရပါသည်-

(က) မူဝါဒရေးရာလုပ်ငန်းကော်မတီ
(ခ) နိုင်ငံတကာရေးရာနှင့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီ
(ဂ) ဥပဒေရေးရာလုပ်ငန်းကော်မတီ
(ဃ) တိုင်ကြားစာ စိစစ်သုံးသပ်ရေးလုပ်ငန်းကော်မတီ
(င) ဝန်ထမ်းရေးရာ၊ စည်းကမ်းထိန်းသိမ်းရေးနှင့် လုံခြုံရေးလုပ်ငန်းကော်မတီ
(စ) ပညာပေးရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းကော်မတီ

မဟာဗျူဟာရည်မှန်းချက်များ

ကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်ကို ၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ဒုတိယကာလတို လေးနှစ်အဖြစ် သတ်မှတ်ထားပါသည်။ အဆိုပါကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျယ်ပြန့်စွာ ဖြစ်ပေါ်နေသော အဂတိလိုက်စားမှုများကို လျော့နည်းကျဆင်းသွားစေရန်အတွက် မဟာဗျူဟာရည်မှန်းချက် (၄) ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ပါသည်-

(က) သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ် ဖြစ်ထွန်းစေရန် ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ ပေးအပ်လာသော လုပ်ငန်းတာဝန်များကို အားသွန်ခွန်စိုက် ကြိုးပမ်းအားထုတ် ဆောင်ရွက်သွားရမည်၊
(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တည်ဆောက်ခြင်း၊ ဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများတွင် အဂတိလိုက်စားမှုကြောင့် ဖြစ်ပေါ်နေသော ပြည်သူ့ဘဏ္ဍာရန်ပုံငွေ ဆုံးရှုံးမှုကို ပွင့်လင်းမြင်သာမှု တာဝန်ယူမှု တာဝန်ခံမှုတို့ဖြင့် လျှော့ချနိုင်ရမည်၊
(ဂ) အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများတွင် စနစ်တစ်ခုကဲ့သို့ နက်ရှိုင်းစွာ ပျံ့နှံ့နေသော အဂတိလိုက်စားမှု (Systemic Corruption)ကို သိသာထင်ရှားစွာ ကျဆင်းသွားစေရန် တိုက်ဖျက်ရမည်၊
(ဃ) ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်သော ကောင်းမွန်သော စီမံအုပ်ချုပ်မှုဆိုင်ရာ ညွှန်းကိန်း (Worldwide Governance Indicators–WGI) တွင် အဂတိလိုက်စားမှု ထိန်းချုပ်နိုင်ခြင်း (Control of Corruption) ညွှန်းကိန်း သိသာထင်ရှားစွာ အဆင့်တိုးတက်လာစေရမည်။

မဟာဗျူဟာစီမံချက်အကောင်အထည်ဖော်မှု

ကော်မရှင်သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးမဟာဗျူဟာစီမံချက် (၂၀၂၂-၂၀၂၅)ပေါ် မူတည်၍ ၂၀၂၃ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ် ၁၀ ရပ်မှာ -

(က) ပေါ်လစီမူဘောင်နှင့် ဥပဒေမူဘောင် ဖွံ့ဖြိုးတိုးတက်ရေး
(ခ) တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး
(ဂ) တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာနှင့် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေး
(ဃ) စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းလုပ်ငန်းတို့ကို ထိရောက်ခိုင်မာစေမည့် အခြေခံကောင်းများ တည်ဆောက်ရေး
(င) ဌာနစွမ်းဆောင်ရည်မြှင့်တင်ရေး
(စ) ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး
(ဆ) နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး
(ဇ) အမြဲမပြတ် စောင့်ကြည့်ရေးနှင့် သုံးသပ်အကဲဖြတ်ရေး
(ဈ) အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ ၂၀၂၄ ခုနှစ် လုပ်ငန်းအစီအစဉ် ချမှတ်ရေး
(ည) ကော်မရှင်၏ တစ်နှစ်တာ ဆောင်ရွက်ချက်များကို ပြည်သူသို့ အစီရင်ခံတင်ပြရေး

အသိပညာပေးခြင်းကဏ္ဍ

ကော်မရှင်၏ အသိပညာပေးဆောင်ရွက်မှုကဏ္ဍတွင် နိုင်ငံ့ဝန်ထမ်းများသာမက ပုဂ္ဂလိကကဏ္ဍနှင့် ပညာရေးနယ်ပယ်များတွင်ပါ အလေးထားဆောင်ရွက်ခဲ့ပါသည်။ **ပြည်ထောင်စုဝန်ကြီးဌာနများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များနှင့် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်များ၌ ဖွင့်လှစ်သည့် သင်တန်း ၄၅ ခု၌ သင်တန်းသား ၂၁၇၈ ဦးအား**

စာမျက်နှာ ၁၁ သို့

မြို့နယ်များ၌ အခြေခံပညာကျောင်းဖွင့်လှစ်ချိန်အမီ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၁

နိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်များ၌ အခြေခံပညာကျောင်းများကို မကြာမီဖွင့်လှစ်တော့မည်ဖြစ်ရာ ကျောင်းဖွင့်ချိန်အမီ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျောင်းအပ်နှံရေး သီတင်းပတ်ဆိုင်းဘုတ်၊ ပိုစတာများ စိုက်ထူ အသိပညာပေးခြင်းများ ဆောင်ရွက်နေမှုကို စုစည်းဖော်ပြအပ်ပါသည်-

မူဆယ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်း၊ ကျောင်းအုပ်ဆရာကြီး ဦးထင်ကျော်တို့ ဦးဆောင်သည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ကျောင်းဝင်းအတွင်းရှိ အမှိုက်များ ရှင်းလင်းခြင်း၊ စာသင်ခုံများ စနစ်တကျဖြည့်ဆည်းခြင်းများကို မေ ၁၁ ရက်က စုပေါင်းဆောင်ရွက်ကြစဉ်။ ချယ်ရီမြေ(မူဆယ်)

သုံးခွမြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ ရှစ်မျက်နှာဘုရားရှေ့၌ မေ ၁၀ ရက်က ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးဆိုင်ရာ သီတင်းပတ် အသိပညာပေးမြေစိုက်ပိုစတာ စိုက်ထူရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းအောင်နှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။ ကိုကျော်(သုံးခွ)

မော်လမြိုင်ကျွန်းမြို့နယ် အမှတ်(၁၂) ရပ်ကွက် (အ.လ.က)တောရကျောင်းရှေ့၌ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ် ဆိုင်းဘုတ်စိုက်ထူပွဲကို မေ ၁၁ ရက်က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆိုင်းဘုတ်ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။ ရဲကိုမောင် (ပြန်/ဆက်)

ဒေးဒရဲမြို့နယ်ရှိ ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းအပ်နှံရေးနှင့် ပညာသင်ကြားနိုင်ရေး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ် အသိပညာပေးဆိုင်းဘုတ်ကို မေ ၁၀ ရက်က ဒေးဒရဲတံတားလမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံရှိ ဗိုလ်ချုပ်ကြေးရုပ်အဝိုင်းအနီးတွင် စိုက်ထူစဉ်။ အေဇာလင်း

မိုင်းပန်မြို့နယ် အခြေခံပညာအထက်တန်း ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်ဇော်မြင့်နှင့် ဌာနဆိုင်ရာဝန်ထမ်းများစုပေါင်း၍ မေ ၁၁ ရက်က သန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ နော်မှိုင်း(ပြန်/ဆက်)

စာမျက်နှာ ၁၀ မှ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးဟောပြောမှုများကို ကော်မရှင်ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး အရာထမ်းများက ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသည်။

တိုင်းဒေသကြီး/ ပြည်နယ်များရှိ ပညာရေးဝန်ကြီးဌာန အခြေခံပညာအထက်တန်းကျောင်း ၃၄ ကျောင်း၌ ဖွင့်လှစ်သည့် နွေရာသီ ကျောင်းပိတ်ရက် ဆရာ/ဆရာမများ မွမ်းမံသင်တန်းများတွင် ဆရာ/ဆရာမ ၉၀၂၇ ဦးအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာများ တိုးပွားလာစေရန်နှင့် ကျောင်းသားလူငယ်များ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးကို စာသင်ခန်းများမှ စတင်နိုင်ရန် ရည်ရွယ်၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။

အလားတူ ပုဂ္ဂလိကကဏ္ဍအတွင်း အဂတိလိုက်စားမှုဆိုင်ရာ တားဆီးကာကွယ်ရေး အသိပညာပေးမှုအနေဖြင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် UMFCCI မှ ညီနောင်ကုန်သည်အသင်းများနှင့် အသင်းဝင်ကုမ္ပဏီများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံပြီး အသိပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ပုဂံ-ညောင်ဦး၊ ပြင်ဦးလွင်နှင့် ပဲခူးမြို့တို့တွင်လည်း တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်အဆင့် ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၄၉၆၁ ဦးအား တွေ့ဆုံပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာအသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်နိုင်ခဲ့ပါသည်။

ထို့အပြင် ကျောင်းသားလူငယ်များအတွင်း ဖြောင့်မတ်တည်ကြည်မှုရှိသည့် အသိုက်အဝန်း တည်ဆောက်နိုင်ရန် ရည်ရွယ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်မှုအနေဖြင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် **ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး Edutainment အစီအစဉ်**ကို နေပြည်တော်ကောင်စီနယ်မြေနှင့် ကော်မရှင်ရုံးခွဲများတည်ရှိရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အခြေခံပညာကျောင်း ၁၂၀ မှ မူလတန်းနှင့် အလယ်တန်း ကျောင်းသား ကျောင်းသူ ၂၈၂၂၆ ဦးကို ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးဆိုင်ရာ အသိပညာပေးသင်ခန်းစာများ သင်ကြားပို့ချနိုင်ခဲ့ပြီး **"အဂတိလိုက်စားမှု တိုက်ဖျက်ရေးနဲ့ လူငယ်တို့၏ အခန်းကဏ္ဍ"** စကားဝိုင်းဆွေးနွေးပွဲများကို နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျောင်းပေါင်း ၁၂ ကျောင်း၌ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကော်မရှင်မှပြုစုခဲ့သည့် အခြေခံပညာ အလယ်တန်း ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ် ဆရာကိုင်စာအုပ်နှင့် အခြေခံပညာအထက်တန်းအဆင့် ရည်ညွှန်းစာစောင်ပါ သင်ခန်းစာများကို သင်ရိုးညွှန်းတမ်းများတွင် ထည့်သွင်းရေးဆွဲနိုင်ရေး ပညာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အပြင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ ကျောင်းများမှ ကျောင်းသားလူငယ်များ လေ့လာဖတ်ရှုကိုးကားနိုင်ရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ ဖြောင့်မတ်တည်ကြည်မှုနှင့် ကျင့်ဝတ်ဆိုင်ရာ ရည်ညွှန်းစာစောင်အုပ်ရေ ၆၀၀ အား လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

ထို့အပြင် ကော်မရှင်သည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အဂတိလိုက်စားမှု အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်အဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှာလည်း ရုပ်ပြသရုပ်ဖော် တေးသီချင်း သုံးပုဒ်၊ Animation ငါးပုဒ်နဲ့ ဇာတ်လမ်းတို ခြောက်ပုဒ်တို့အား ထုတ်လွှင့်ပြသခြင်းနှင့် အသိပညာပေးဆောင်းပါး ခုနစ်ပုဒ်ကိုလည်း နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။

ကော်မရှင်၏ လုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဆောင်ရွက်ချက်များကို အများပြည်သူ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန်နှင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများ တိုးမြှင့်လာစေရန် ရည်ရွယ်၍ ကော်မရှင်၏ ACC Myanmar Facebook Page၊ Website(http://www.accm.gov.mm)နှင့် နိုင်ငံပိုင်သတင်းစာများတွင် ကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရေး၊ တားဆီးကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် သတင်း ၁၆၄ ပုဒ်အား ထည့်သွင်းဖော်ပြခဲ့ပါသည်။

ပြည်သူလူထုနှင့် နိုင်ငံ့ဝန်ထမ်းများအား အဂတိလိုက်စားမှုနှင့် ပတ်သက်သည့် အသိပညာနှင့် ဗဟုသုတများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့မှုများမှာ-





(ဆက်လက်ဖော်ပြပါမည်)

ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော်အနီးရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ ရောက်ရှိပြီး တက္ကသိုလ်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်ရှိသင်တန်းသားသံဃာတော်များအသုံးပြုနိုင်ရန် စားပွဲ၊ ထိုင်ခုံ၊ ခုတင်များ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပါမောက္ခချုပ်ဆရာတော်ဒေါက်တာဘဒ္ဒန္တဆေကိန္ဒအား အမှူးထား၍အလှူရှင်များ စုပေါင်းလှူဒါန်းသည့် သင်တန်းသား သံဃာ ၁၈၈ ပါးဆံ့ သံကူကွန်ကရစ် RCC လေးထပ်ဆောင်ဆောက်လုပ်ရေးလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ခံ အင်ဂျင်နီယာမှူးက အဆောက်အဦလုပ်ငန်း တည်ဆောက်ပြီးစီးမှု အခြေအနေ၊ ၂၀၂၄ ခုနှစ် ဇွန်လအတွင်း နှစ်ထပ်ပြီးစီးအောင်ဆောင်ရွက်နေမှုနှင့် သင်တန်းသား သံဃာတော်များထားရှိနိုင်မည့်အခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

တပ်မတော်တွင် ဆဌမအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုလုပ်ငန်းဆောင်ရွက်

နေပြည်တော် မေ ၁၁

တပ်မတော်တွင် ပထမအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ၂၀၂၂ ခုနှစ်တွင် အသည်းအစားထိုးလူနာ နှစ်ဦးဖြင့်လည်းကောင်း၊ ဒုတိယအကြိမ်၊ တတိယအကြိမ်နှင့် စတုတ္ထအကြိမ်တို့ကို ၂၀၂၃ ခုနှစ်တွင် အသည်းအစားထိုးလူနာ ကိုးဦးဖြင့် လည်းကောင်း၊ ပဉ္စမအကြိမ်ကို ၂၀၂၄ ခုနှစ်တွင် အသည်းအစားထိုးလူနာ သုံးဦးဖြင့် လည်းကောင်း အောင်မြင်စွာ ခွဲစိတ်ကုသ ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ယခုအခါ ဆဌမအကြိမ် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို လူနာသုံးဦးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမနေ့ အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) အထူးကုသမှုစင်တာ၌ ပြုလုပ်သည်။

အဆိုပါ အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်မှ အသည်းအစားထိုး ခွဲစိတ်ကုသမှုအဖွဲ့နှင့် အိန္ဒိယနိုင်ငံမှ အသည်းအစားထိုး ခွဲစိတ်ကုသမှုအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပြီး လူနာဖြစ်သူ အမှတ်(၈) စစ်အခြေခံ လေ့ကျင့်ရေးတပ်မှ ဗိုလ်မှူး အောင်နိုင်ဦးနှင့် တူမဖြစ်သူ အသည်းအလှူရှင် ဒေါ်ဇင်မာလှိုင်တို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှု ဆောင်ရွက်ရာတွင် အသည်းအလှူရှင် လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၁၀ နာရီခွဲတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို ညနေ ၅ နာရီခွဲခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်း ခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်လူနာနှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်မှ တာဝန်ရှိသူ အရာရှိကြီးများက ကြည့်ရှုအားပေးခဲ့ပြီး မေ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၁၁-၅-၂၀၂၄ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ	အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယပ်	အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက်
၁။	မင်းဘူး	၄၂.၀	၁၀၇.၆
၂။	တောင်တွင်းကြီး	၄၂.၀	၁၀၇.၆
၃။	ပြည်	၄၂.၀	၁၀၇.၆
၄။	ချောက်	၄၁.၆	၁၀၆.၉
၅။	မကွေး	၄၁.၅	၁၀၆.၇
၆။	အောင်လံ	၄၁.၃	၁၀၆.၃
၇။	ငါးသိုင်းချောင်း	၄၁.၀	၁၀၅.၈
၈။	ရွှေကျင်	၄၀.၇	၁၀၅.၃
၉။	အမ်း	၄၀.၅	၁၀၄.၉
၁၀။	ညောင်ဦး	၄၀.၃	၁၀၄.၅
၁၁။	မော်လမြိုင်	၄၀.၃	၁၀၄.၅

အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများတွင် စက်မှုနည်းပညာဘာသာရပ်များ သင်ကြားသင်ယူမှု ရှင်းလင်းဆွေးနွေး

ရန်ကုန် မေ ၁၁

ရန်ကုန်တိုင်းဒေသကြီး အတွင်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ ဖြစ်သည့် အ.ထ.က(၄) မင်္ဂလာဒုံ၊ အ.ထ.က (ဖားကူး)၊ အ.ထ.က (သာကေတ)၊ အ.ထ.က(သုဝဏ္ဏ)၊ အ.ထ.က(၆) မြောက်ဥက္ကလာနှင့် အ.ထ.က(တိုက်ကြီး)တို့တွင် စက်မှုနည်းပညာ ဘာသာရပ်များ သင်ကြားသင်ယူမှုနှင့် သင်ထောက်ကူပစ္စည်းများ ပေးအပ်မည့်အခြေအနေ ရှင်းလင်းဆွေးနွေးပွဲကို မေ ၄ ရက်မှ ၁၀ ရက်အထိ အဆိုပါကျောင်းများ၌ ပြုလုပ်သည်။

အ.ထ.က(တိုက်ကြီး)၌ မေ ၁၀ ရက်က ကျင်းပသည့် ဆွေးနွေးပွဲတွင် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဌေးသွင်က လက်ရှိဖွင့်လှစ်ထားရှိသည့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများနှင့် ဆက်လက်ဖွင့်လှစ်သွားမည့်ကျောင်းများ၏ ဘာသာရပ်များ၊ အခွင့်အလမ်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲများသို့ ခရိုင်/မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

လယ်ဝေးမြို့နယ် အမှတ်(၆)ရပ်ကွက် တိုးချဲ့ကွက်သစ်တွင် မေ ၁၁ ရက်က လယ်ဝေးမြို့နယ်မီးသတ်စခန်းမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဝင်းကျော် ဦးဆောင်၍ တပ်ဖွဲ့ဝင်များက သောက်သုံးရေ ဂါလန် ၁၆၀၀ လှူဒါန်း။ ဝေကြည်(ပြန်/ဆက်)

ကျောက်ဖြူမြို့ ငလပွေ့ချောင်းအတွင်း ရေငန်ပုစွန်သားပေါက်ကောင်ရေ ငါးသိန်းမျိုးစိုက်ထည့်

ကျောက်ဖြူ မေ ၁၁

ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ကြီးကြပ်မှုဖြင့် ကျောက်ဖြူခရိုင်ငါးလုပ်ငန်းဦးစီးဌာနက ရေငန်ပုစွန်သားပေါက်ကောင်ရေ ငါးသိန်းမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျောက်ဖြူမြို့ ငလပွေ့ရပ်ကွက်ရှိ ငလပွေ့ချောင်း၌ ကျင်းပသည်။

ရေးဦးစွာ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကြည်ဝင်းကတက်ရောက်လာသည့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကို မျိုးစိုက်ထည့်မည့် ရေငန်ပုစွန်သားပေါက်များ ပေးအပ်ပြီး ငလပွေ့ချောင်းအတွင်းသို့ ရေငန်ပုစွန်သားပေါက်ကောင်ရေ ငါးသိန်းကို မျိုးစိုက်ထည့်ကြသည်။

ကျောက်ဖြူခရိုင်ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ရေငန်ပုစွန် သားပေါက်ကောင်ရေငါးသိန်း မျိုးစိုက်ထည့်ရန် ရည်မှန်းထားရှိပြီး ထိုသို့ရေငန်ပုစွန်သားပေါက် မျိုးစိုက်ထည့်ခြင်းဖြင့် ငါး/ပုစွန်သယံဇာတမျိုးပြုန်းတီးမှုမရှိစေဘဲ ရေရှည်ထုတ်လုပ်စားသုံးနိုင်မည်ဖြစ်ကာ သဘာဝရေပြင်အတွင်း ငါး/ပုစွန်များ ပေါများစွာ တည်ရှိနေခြင်းကြောင့် ဒေသခံများမှာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်ဖြစ်ကြောင်း ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးထံမှ သိရသည်။ **တင်ထွန်းဦး၊ ဖြိုးဝေလင်း(ပြန်/ဆက်)**

နေပြည်တော် တပ်ကုန်းမြို့နယ် ရေအေးကျေးရွာရှိ အိမ်ထောင်စု ၂၃၀ အား သောက်သုံးရေဂါလန်ပေါင်း ၂၈၀၀ ကို မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော် ဦးဆောင်၍ တပ်ဖွဲ့ဝင်များက မေ ၈ ရက်တွင် လှူဒါန်းစဉ်။ တင်စိုးလွင်

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသာလျှင် သွေးထွက်သံယိုဖြစ်ပွားမှုကို တားဆီးနိုင်ဟု ကုလသမဂ္ဂပြောကြား

ရာဖာ မေ ၁၁

အစ္စရေးနှင့် ဟားမားစ်အကြား ဖြစ်ပွားနေသည့် ပဋိပက္ခအတွင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘော တူညီမှုရရှိရေးနှင့်ပတ်သက်ပြီး ကြိုးပမ်းဆောင်ရွက်နေသော ကြားဝင်ညှိနှိုင်းသူများသည် ၎င်းတို့၏ တွေ့ဆုံဆွေးနွေးမှုများကို လတ်တလောတွင် ရပ်နားထားကြောင်း သိရသည်။

သို့သော်လည်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသာလျှင် နောက်ထပ်သွေးထွက်သံယိုဖြစ်ပွားမှုကို တားဆီးနိုင်ပြီး အလွန်လိုအပ်နေသော ထောက်ပံ့ကူညီမှုများကို ပေးအပ်နိုင်မည်ဖြစ်ကြောင်း ကုလသမဂ္ဂအကူအညီပေး တာဝန်ရှိသူများက သောကြာနေ့ သတင်းစာရှင်းလင်းပွဲတွင် သတိပေးပြောကြားလိုက်သည်။

အစ္စရေးဗုံးများက ရာဖာမြို့အပေါ် ဆက်လက်ကြဲချလျက်ရှိကြောင်း ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံးမှ ပက်ထရိုပေါလုစ်က ပြောသည်။ ထို့ပြင် အစ္စရေးက လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဇုန်အဖြစ် သတ်မှတ်ထားသော မူဝါစီဒေသနှင့် ပိုမိုနီးကပ်စွာ တိုက်ခိုက်မှုများ ဖြစ်ပွားလာနေသည်ကို မြင်တွေ့ရကြောင်း ၎င်းက ဆက်ပြောသည်။

အဆိုပါနေရာတွင် ထောင်သောင်းချီသော အိုးအိမ်စွန့်ခွာလာသူများ ခိုလှုံနေကြသော်လည်း အစ္စရေးက ၎င်းတို့ထံ ထိရောက်ပြီး ဘေးကင်းသောနည်းလမ်းဖြင့် ထောက်ပံ့ကူညီမှုများကို တားဆီးထားကြောင်း ကုလသမဂ္ဂ တာဝန်ရှိသူများက ပြောသည်။

ယခုသီတင်းပတ်အစောပိုင်းတွင် အစ္စရေးက ရာဖာနယ်စပ်ဖြတ်သန်းရေးဂိတ်ကို ထိန်းချုပ်လိုက်ပြီးနောက် ဂါဇာကမ်းမြောင်သို့ ထရပ်ကားများ ဝင်ရောက်နိုင်ခြင်း မရှိတော့ကြောင်း သိရသည်။ ထို့ပြင် ဆေးရုံများပြိုကျပြီး သန့်ရှင်းသောသောက်သုံးရေပြတ်လပ်ပါက ရောဂါကူးစက်ပျံ့နှံ့မှုများ ဖြစ်ပွားလာမည်ကို စိုးရိမ်လျက်ရှိကြသည်။

ဂါဇာကမ်းမြောင်တောင်ပိုင်းတွင် စနေနေ့မတိုင်မီ ရိက္ခာများပြတ်တောက်ဖွယ်ရှိကြောင်း ကုလသမဂ္ဂ တာဝန်ရှိသူများက သတိပေးထားသည်။

အင်န်အိတ်ချ်ကေ

ကနေဒါနိုင်ငံအနောက်ပိုင်း ဒေသနှစ်ခု၌ တောမီးလောင်မှုအရေးပေါ်သတိပေး

အော့တဝါ မေ ၁၁

ကနေဒါနိုင်ငံ အနောက်ပိုင်း အယ်လ်ဘာတား ပြည်နယ်ရှိ ဖော့မက်မာရေးနှင့် ဆာပေ့ချီ အက်စတိတ်စ်ဒေသ နှစ်ခုတို့၌ မထိန်းချုပ်နိုင်သည့် တောမီးလောင်မှုကြောင့် ပြည်သူများ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် မေ ၁၀ ရက်က ထုတ်ပြန်ထားသည်။ လက်ရှိတွင် ဖော့မက်မာရေး၏ အနောက်တောင်ဘက် ၂၅ ကီလိုမီတာခန့်အကွာတွင် တောမီးလောင်လျက်ရှိကြောင်း သိရသည်။

ကနေဒါနိုင်ငံ၌ တောမီးလောင်နေသည်ကို တွေ့ရစဉ်။

အဆိုပါဒေသများရှိ ဒေသခံများကို အချိန်တိုအတွင်း ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရန် တိုက်တွန်းထားကြောင်း၊ နိုင်ငံတစ်ဝန်း မေ ၁၀ ရက်က တောမီးလောင်မှုပေါင်း ၁၁၇ မှုရှိသည့်အနက် ၃၃ မှုကို ထိန်းချုပ်နိုင်ခဲ့ကြောင်း ကနေဒါ သစ်တောနှင့် မီးသတ်စင်တာက ထုတ်ပြန်ထားသည်။

ကနေဒါနိုင်ငံတစ်ဝန်း သာမန်အပူချိန်ထက်ပိုပါက တောမီးလောင်မှုအန္တရာယ် ပိုမိုဖြစ်ပွားလာနိုင်ကြောင်း ကနေဒါအစိုးရက ကြာသပတေးနေ့က သတိပေးထားသည်။

ကနေဒါနိုင်ငံတစ်ဝန်း ၂၀၂၃ ခုနှစ်အတွင်း မီးလောင်မှုပေါင်း ၇၁၃၁ မှုရှိပြီး မြေ ၁၇၂၀၃၆၂၅ ဟက်တာမီးလောင်ခဲ့သဖြင့် ၂၀၂၃ ခုနှစ်သည် တောမီးလောင်မှု အမြင့်ဆုံးစံချိန်တင်ခဲ့ကြောင်း ကနေဒါ အမျိုးသားမီးဘေးအချက်အလက်များက ထုတ်ပြန်ထားသည်။

ဆင်ဟွာ

အာဖဂန်နစ္စတန်၌ ရေကြီးမှုကြောင့် ၁၅၀ ထက်မနည်းသေဆုံး

ကဘူးလ် မေ ၁၁

အာဖဂန်နစ္စတန် နိုင်ငံမြောက်ပိုင်း ဘက်ဟ်လန်နှင့် တက်ဟာပြည်နယ်တို့၌ မေ ၉ ရက်နှင့် ၁၀ ရက်တို့အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုဖြစ်ပေါ်ခဲ့ကာ ၁၅၀ ထက်မနည်း သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ ၁၃၄ ဦးသည်ဟု သိရသည်။

အဆောက်အအုံရာနှင့်ချီ၍ ပျက်စီးခြင်း၊ ရေစီးနှင့်အတူ မျောပါသွားခြင်းတို့ဖြစ်ပေါ်ခဲ့ကြောင်း တာလီဘန်အစိုးရ အုပ်ချုပ်မှုအောက်ရှိသည့် ဒေသခံအာဏာပိုင်များက ပြောသည်။ ပျောက်ဆုံးနေသူများကို ရှာဖွေရန် ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ထားသည်ဟု အစိုးရနှင့် ဒေသခံအာဏာပိုင်များက ပြောသည်။ ရွှံ့ရေများသည် ဒေသခံပြည်သူများ နေထိုင်သည့်နေရာတွင် စီးဆင်းနေပြီး အဆောက်အအုံများ ဖျက်ဆီးပစ်သည်ကို ဗီဒီယိုမှတ်တမ်းတွင် တွေ့မြင်ရသည်။

ထိုစဉ် ဘက်ဟ်လန်တွင် လူပေါင်း ၂၀၀ နီးပါးသေဆုံးပြီး နေအိမ်များ ထောင်နှင့်ချီ၍ ပျက်စီးသွားကြောင်း ကုလသမဂ္ဂရွှေ့ပြောင်းနေထိုင်သူများဆိုင်ရာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းက ပြောသည်ဟု ပြည်ပမီဒီယာများတွင် ဖော်ပြကြသည်။ အာဖဂန်နစ္စတန်နိုင်ငံသည် လွန်ခဲ့သည့်လအတွင်းကလည်း မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးမှုတို့ ဖြစ်ပေါ်ခဲ့သည်။ ဘာဒက်ရှန်၊ ဆာမန်ဂန်ပြည်နယ်တို့အပါအဝင် မြောက်ပိုင်းပြည်နယ်များတွင် ရေကြီးမှုဖြစ်ပေါ်ခဲ့ပြီး လူသေဆုံးမှုများနှင့် ပစ္စည်းဥစ္စာပျက်စီးဆုံးရှုံးမှုတို့ ဖြစ်ပေါ်ခဲ့သည်။

ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ

တရုတ်နိုင်ငံ၌ မှတ်ပုံတင်ထားသော သူနာပြုအရေအတွက် ၅ ဒသမ ၆၃ သန်းရှိ

ပေကျင်း မေ ၁၁

တရုတ်နိုင်ငံ၌ မှတ်ပုံတင်စာရင်းသွင်းထားသော သူနာပြုအရေအတွက်မှာ ၂၀၂၃ ခုနှစ်အကုန်တွင် ၅ ဒသမ ၆၃ သန်း အထိရှိခဲ့ကြောင်း မေ ၁၁ ရက်တွင် အမျိုးသားကျန်းမာရေးကော်မရှင် (အင်န်အိတ်ချ်စီ) က ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။

အဆိုပါ အရေအတွက်သည် လူအယောက် ၁၀၀၀ တိုင်းတွင် မှတ်ပုံတင်ထားသော သူနာပြုအရေအတွက် လေးဦးအချိုးကို ကိုယ်စားပြုကြောင်း ယခုနှစ် မေ ၁၂ ရက်တွင် ကျရောက်သော နိုင်ငံတကာသူနာပြုနေ့မတိုင်မီ သတင်းစာရှင်းလင်းပွဲတွင် အင်န်အိတ်ချ်စီက ပြောသည်။ တာဝန်ရှိသူများသည် နိုင်ငံ၏ သူနာပြုလုပ်သားအင်အား အားကောင်းလာစေရေးနှင့် ဆက်စပ်ဝန်ဆောင်မှုများကို အကောင်းဆုံးဖြစ်စေရန် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။ **ဆင်ဟွာ**

လျှပ်စစ်ကား အားသွင်းကွန်ရက်တိုးချဲ့ရန် တက်စလာက အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော် သုံးစွဲမည်

နယူးယောက် မေ ၁၁

လျှပ်စစ်ကား ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် တက်စလာသည် လျှပ်စစ်ကား အမြန်အားသွင်းခြင်း ကွန်ရက် တိုးချဲ့ရန်အတွက် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကျော် သုံးစွဲသွားမည်ဟု ကုမ္ပဏီ၏ စီအီးအိုဖြစ်သူ အီလွန်မက်စ်က ပြောသည်။

ယခုနှစ်အတွင်း အားသွင်းရုံပေါင်း ထောင်နှင့်ချီ၍ တက်စလာက တည်ဆောက်သွားမည်ဟု အီလွန်မက်စ်က လူမှုကွန်ရက် စာမျက်နှာပေါ်တွင် ရေးသားခဲ့သည်။ တက်စလာသည် ကမ္ဘာပေါ်တွင် လျှပ်စစ်ကား အားသွင်းရုံပေါင်း ၅၀၀၀၀ ကျော်တည်ဆောက်ထားသည်။ မြောက်အမေရိကတွင် တိုယိုတာအပါအဝင် ကားထုတ်လုပ်ရေး အများစုသည် တက်စလာ၏ တွဲဖက်အသုံးပြုနိုင်သော အားသွင်းချိတ်ဆက် ကိရိယာများ အသုံးပြုလျက်ရှိသည်။

သို့သော်လည်း တက်စလာသည် တရုတ်လျှပ်စစ်ကားကုမ္ပဏီများနှင့် ယှဉ်ပြိုင်ရာတွင် ရောင်းအားကျဆင်းနေပြီး လျှပ်စစ်ကား ဈေးကွက်တွင်လည်း ဝယ်လိုအား လျော့နည်းလျက်ရှိသည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်း လျှပ်စစ်ကား အားအမြန်သွင်းခြင်း အဖွဲ့၏ အမှုဆောင်များနှင့်ဝန်ထမ်းများကို ရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း မီဒီယာများတွင် ဖော်ပြထားသည်။ အားသွင်းရုံအသစ်များကို အားအနှေးသွင်းနှုန်းဖြင့် တပ်ဆင်သွားမည်ဟု မက်စ်က ပြောခဲ့သည်။

သို့သော်လည်း မေ ၁၀ ရက်က ထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် တက်စလာသည် လျှပ်စစ်ကားများ လူကြိုက်များလာစေရန် မရှိမဖြစ်လိုအပ်သည့် အားသွင်းကွန်ရက်ကို တိုးချဲ့ရန်အတွက် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်သွားမည်ဟု ထပ်လောင်းပြောကြားသည်။

အင်န်အိတ်ချ်ကေ

ကယ်လီဖိုးနီးယားရှိ တက်စလာ၏ အားအမြန်သွင်းရုံတစ်ခုကို တွေ့ရစဉ်။

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ PAL Hotel တွင် လောင်းကစားဝိုင်း ဖွင့်လှစ်လုပ်ကိုင်လျက်ရှိကြောင်းသတင်းအရ ဝင်ရောက်ဖမ်းဆီးရာ တရုတ်နိုင်ငံသား ၉ ဦးနှင့် မြန်မာနိုင်ငံသား ၃၈ ဦးတို့အား လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် သက်သေခံပစ္စည်း/ငွေကြေးများနှင့်အတူ ဖမ်းဆီးရမိ

PAL HOTEL ဒုတိယအလွှာတွင် လာရောက်လောင်းကစားသည့် တရုတ်နိုင်ငံသား Mr.Wang Hong Li ပါ ငါးဦး၏ မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် မေ ၁၁

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေလ ၁၀ ရက်နေ့ နံနက် ၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက်၊ သီရိမွန်အိမ်ရာ၊ သီရိမွန်(၁၀)လမ်း၊ အမှတ်(၈)ရှိ PAL Hotel တွင် လောင်းကစားဝိုင်း ဖွင့်လှစ်လုပ်ကိုင်နေကြောင်း သတင်းအရ အဆိုပါဟိုတယ်အား သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေစစ်ဆေးခဲ့သည်။

PAL HOTEL ဒုတိယအလွှာတွင် လာရောက်လောင်းကစားသည့် တရုတ်နိုင်ငံသူ Mrs. Zheng Wen Xiu ၏ မှတ်တမ်းဓာတ်ပုံ။

စုစုပေါင်း ၄၇ ဦး ဖမ်းဆီး

ထိုသို့ ရှာဖွေစစ်ဆေးခဲ့ရာ အဆိုပါဟိုတယ် ဒုတိယထပ်တွင် လောင်းကစားဝိုင်း တည်ထောင်၍ စီမံခန့်ခွဲလုပ်ကိုင်နေသူ Mr. Yang Jian ပါ တရုတ်နိုင်ငံသား အမျိုးသား သုံးဦး၊ မြန်မာနိုင်ငံသားအမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး၊ လောင်းကစားဝိုင်း၌အလုပ်လုပ်ကိုင်သူ မြန်မာနိုင်ငံသား အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ၂၄ဦးနှင့်လောင်းကစားလာရောက်ကစားသူ တရုတ်နိုင်ငံသား အမျိုးသား ငါးဦး၊ အမျိုးသမီး တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသားသုံးဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ၄၇ ဦး တို့ကို လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဘူကြီးလောင်းကစားခုံ ငါးခုံ၊ ပဲကြားလော့ လောင်းကစားခုံ နှစ်ခုံ၊ ကုလားသုံးကောင် လောင်းကစားခုံ တစ်ခုံ၊ ငါးပစ်ဂိမ်းလောင်းကစားခုံ တစ်ခုံ၊ ဖဲထုပ် ၂၅၄ ထုပ်၊ ငွေကျပ် ငါးရာမှ သိန်းတစ်ရာထိပါ တိုကင်ပြားများ၊ လက်ကိုင်ဖုန်း ၃၈ လုံး၊ လက်တော့ နှစ်လုံး၊ Tablet တစ်လုံး၊ All in one ကွန်ပျူတာ တစ်လုံး၊ လောင်းကစားပြုလုပ်ရာတွင် ငွေအလွှဲ/အပြောင်း ပြုလုပ်ရာ၌ အသုံးပြုသည့် BankAccount နံပါတ်များ ရေးသားထားသည့် ကတ်ပြား တစ်ခု၊ ဖဲချပ်ဖျက်စက် တစ်လုံး၊ ငွေရေတွက်စက်တစ်လုံး၊ CCTV Recorder တစ်လုံး၊ လောင်းကြေးငွေ ၃၀၁ သိန်းကျပ်၊ ကား ၁၇ စီးတို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့ပါသည်။

အရေးယူဆောင်ရွက်လျက်ရှိ

အဆိုပါ ဖမ်းဆီးရမိသူ Mr. Yang Jian ပါ တရုတ်နိုင်ငံသား အမျိုးသား ရှစ်ဦး၊ အမျိုးသမီး တစ်ဦး၊ ဝင်းမြင့်ထွန်းပါ မြန်မာနိုင်ငံသား အမျိုးသား ၁၁ ဦး၊ အမျိုးသမီး ၂၇ ဦး စုစုပေါင်း ၄၇ဦး တို့အား မရမ်းကုန်းမြို့နယ် ဘုရင့်နောင်နယ်မြေရဲစခန်းတွင် အမှုဖွင့်လှစ်ထားရှိပြီး တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်စစ်ဆေးဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

PAL HOTEL ဒုတိယအလွှာရှိ လောင်းကစားဝိုင်းအား တည်ထောင်လုပ်ကိုင်သူများ၏ မှတ်တမ်းဓာတ်ပုံ

တရုတ်နိုင်ငံသား Mr.Yang Jian

တရုတ်နိုင်ငံသား Mr.Cai Ji Rong

တရုတ်နိုင်ငံသား Mr.Wang Yun Jie

မရင်ရင်

ဝင်းမြင့်ထွန်း

လောင်းကစားဝိုင်းတည်ထောင်လုပ်ကိုင်သည့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၁) ရပ်ကွက် သီရိမွန်အိမ်ရာ သီရိမွန်(၁၀)လမ်းရှိ PAL HOTEL။

တရားခံ တရုတ်နိုင်ငံသား Mr.Yang Jian ပါ ၄၇ ဦးထံမှ သိမ်းဆည်းရရှိသော သက်သေခံ တိုကင်ပြား/ဝိုင်းများ၊ လက်ကိုင်ဖုန်း ၃၈ လုံး၊ လက်တော့ သုံးလုံး၊ ဖဲထုပ် ၂၅၄ ထုပ်၊ လောင်းကြေးငွေ ၃၀၁ သိန်း၊ မော်တော်ယာဉ် ၁၇ စီးနှင့် သက်သေခံပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

ပဲကြားလော့ လောင်းကစားဝိုင်းတွင် လောင်းကစားနေစဉ် ဖမ်းဆီးရမိသည့် မှတ်တမ်းဓာတ်ပုံ။

PAL HOTEL ဒုတိယအလွှာတွင် လောင်းကစားပြုလုပ်နေစဉ် ဖမ်းဆီးရမိသည့် မှတ်တမ်းဓာတ်ပုံ။

❊ ကျောဖုံးမှ

ထိုသို့လုပ်ဆောင်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် အများပြည်သူ အားထားအသုံးပြုလျက်ရှိသည့် မွန်ပြည်နယ် သထုံမြို့နယ် ရန်ကုန်-မော်လမြိုင်သွားပြည်ထောင်စုလမ်းမပေါ်ရှိ မိုင်တိုင်အမှတ်၊ ၁၃၁/၆ နှင့် ၁၃၁/၇ ကြား၊ တံတားအမှတ်(၃/၁၃၂)၊ အရှည် ၉၅ ပေ၊ အကျယ် ၄၁ ပေ၊ ခံနိုင်ဝန် တန် ၆၀ ရှိ သံကူကွန်ကရစ် အမျိုးအစား ကျုံးအိတ်တံတား အနီး၌ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအား KNLA အဖွဲ့မှ အကြမ်းဖက်မှု လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက် ပူးပေါင်းအဖွဲ့များက တံတား၏ မြောက်ဘက် မီတာ ၃၀၀ ခန့် အကွာမှနေ၍ လက်နက်ကြီး/ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ တံတား၏ အရှေ့မြောက်ဘက်မီတာ ၁၀၀၀ ခန့်မှ နေ၍ Drop Bomb ကြဲချတိုက်ခိုက်ခြင်းတို့ လုပ်ဆောင်ခဲ့သည်။

ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြန်အလှန်ထိတွေ့ တိုက်ပွဲဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများသည် တံတား၏ အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေး သွားစဉ် တံတားအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည်။ ထိုသို့ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ကျုံးအိတ်တံတား၏ မြောက်ဘက် ကမ်းကပ်ခုံမှာ ၁၀၀ ရာခိုင်နှုန်းခန့် ပြိုကျပျက်စီးသွားခဲ့သည်။

KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့မှ ကျုံးအိတ်တံတားအား မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် တံတားပျက်စီးမှုကို တွေ့ရစဉ်။

၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၉ ရက်တွင်လည်း ၎င်းတံတားအား အကြမ်းဖက်သမားများက မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခဲ့ရာ အများပြည်သူသွားလာရေး အခက်အခဲများဖြစ်ပေါ်ခဲ့၍ ကုန်စည်စီးဆင်းမှုများ ထိခိုက်နစ်နာဆုံးရှုံးခဲ့ရသဖြင့် နိုင်ငံတော်အစိုးရက ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု အဆင်ပြေချောမွေ့စေရန် အမြန်ဆုံး ပြန်လည်ပြုပြင်ပေးခဲ့ပြီး ယခုအခါ ထပ်မံ၍ မိုင်းထောင် ဖောက်ခွဲဖျက်ဆီးခြင်းဖြစ်ကြောင်း သိရှိရသည်။

အကြမ်းဖက်သမားများအနေဖြင့် အများပြည်သူသွားလာမှု ခက်ခဲစေရန်နှင့် အထိတ်တလန့်ဖြစ်ပြီး ကြောက်ရွံ့လာစေရန်၊ ကုန်စည်စီးဆင်းမှုကို ထိခိုက်ဆုံးရှုံးမှုဖြစ်စေပြီး တည်ငြိမ်မှု ပျက်ပြားစေရန်ရည်ရွယ်၍ စစ်ရေးနှင့် မသက်ဆိုင်သော အများပြည်သူ အသုံးပြုလျက်ရှိသည့် လမ်းတံတားများအား ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းသည် စစ်ရာဇဝတ်မှု (War Crime) ကို ကျူးလွန်ခြင်းဖြစ်သည်။

အဆိုပါ မိုင်းခွဲဖျက်ဆီးမှုကြောင့် လက်ရှိတွင် လူနှင့် ယာဉ်ကြီး/ယာဉ်ငယ်များ ဖြတ်သန်းသွားလာရန် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသဖြင့် တံတားပျက်စီးမှုကို သက်ဆိုင်ရာ လမ်း/တံတားဦးစီးဌာနမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက အမြန်ဆုံး ပြင်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် လိုအပ်သည့် အကြမ်းဖက်ချေမှုန်းရေး စစ်ဆင်ရေး(Counter-Terrorism Operation) ကို ဆက်လက် ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့က ရန်ကုန် – မော်လမြိုင်သွား ပြည်ထောင်စု လမ်းမပေါ်ရှိ ကျုံးအိတ်တံတားကို မိုင်းထောင်ဖောက်ခွဲပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များအား လာရောက်တိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်ပြပုံ။

မြန်မာစာ မြန်မာစကား

မြန်မာစာကို နေ့တိုင်းရေးနေကြသည်။ မြန်မာစကားကို နေ့တိုင်းပြောနေကြသည်။ သို့သော် အမှတ်မဲ့သော်လည်းကောင်း၊ အမှတ်မှား၍သော်လည်းကောင်း၊ အမှား၊ အမှန်မကွဲပြား၍သော်လည်းကောင်း အသံထွက်ပုံထွက်နည်း မှားယွင်းကြသည်။ အက္ခရာရေးဆွဲပုံ၊ ရေးဆွဲနည်း လွဲနေတတ်သည်။

ဉ ကလေးနှင့် ညကြီး

ဉ (ဉ ကလေး) ကို ဉ ဦးခေါင်းမဲ့ဟုလည်း ခေါ်သည်။ ရေးသောအခါ ခြေထောက်ကို အရှည်ဆွဲရသည်။ (ဉ)။

သရအက္ခရာ ဥ နှင့် ကွဲပြားချက်မှာ သရအက္ခရာ ဥ က ခြေထောက်တို၍ ဉ ကလေးက ခြေထောက်ရှည်သည်။

ည ကြီးသည် ဉ ကလေး နှစ်လုံးဆင့်ထားသော ဗျည်းတွဲဖြစ်သည်။ ထို့ကြောင့် **ည** ရှေ့ကရှိသော အသံကို **အင်၊ အိန်၊ အုန်** အသံ တစ်ခုခုဖြင့် ရွတ်ရခြင်းဖြစ်သည်။

ထို့ကြောင့်

သညာ ကို **သင်ညာ**

သာမည ကို **သာမျင်ည့်**

ဝိညာဉ် ကို **ဝိန်ညင်**

သုည ကို **သုန်ည့်** ဟုအသံထွက်သည်။

မှတ်ချက်။ ။ **စဉ်၊ ချဉ်၊ ပျဉ်၊ ယှဉ်** စသည်ကဲ့သို့ အသတ်နှင့်ယှဉ်လာလျှင် မှားနိုင်ဖွယ် မရှိသောကြောင့် ဉ ကလေးကို ခြေထောက်မရှည်ဘဲ ရေးသည်။

(မြန်မာစာ မြန်မာစကားစာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။)

သရက်ချောင်းမြို့နယ် ကနက်သီရိရွာကို တပ်မတော်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လေကြောင်း၊ ရေကြောင်းတို့ဖြင့် ပစ်ခတ်ခြင်းကြောင့် ပြည်သူသုံးဦး သေဆုံးဟု သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မေ ၁၁

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ကနက်သီရိကျေးရွာကို မေ ၁၀ ရက်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ တပ်မတော်က ရဟတ်ယာဉ် နှစ်စင်း၊ ဂျက်ဖိုက်တာ တစ်စင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ပြီး ရေကြောင်းမှလည်း စစ်သင်္ဘောများဖြင့် လက်နက်ကြီးများ အဆက်မပြတ် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းတို့ကြောင့် ပြည်သူသုံးဦး သေဆုံးခဲ့သည်ဟု အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာ Khit Thit က လူမှုကွန်ရက်ပေါ်တွင် မဟုတ်မမှန် လုပ်ကြံရေးသားကာ ဝါဒဖြန့်နေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ နယ်မြေလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ မေ ၁၀ ရက်က ကနက်သီရိကျေးရွာတွင် တိုက်ပွဲဖြစ်စဉ် ဖြစ်ပွားခြင်းမရှိသလို တပ်မတော်က လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခြင်း၊ ရေကြောင်းမှ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းများလည်း လုံးဝမရှိကြောင်း သိရှိရသည်။

အကြမ်းဖက်သမားများသည် သရက်ချောင်းမြို့နယ်အတွင်း ပြည်သူများ ကြောက်ရွံ့ထိတ်လန့်လာပြီး တည်ငြိမ်အေးချမ်းမှုမရှိစေရန်နှင့် အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူများ သွားလာနေထိုင်သည့် မြို့၊ ရွာများအတွင်းသို့ လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ မကြာခဏလုပ်ဆောင်နေသည်ကို အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် တပ်မတော်မှ လုပ်ဆောင်သည်ဟု စွပ်စွဲကာ ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

- ■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- ■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

ဖူလုံမှု၊ ဘေးကင်းမှုမှသည် မြင့်မားသောဘဝအဆင့်အတန်းတစ်ခုဆီသို့ ...

မိုးကေနိုင်

နိုင်ငံမှာ စားနပ်ရိက္ခာဖူလုံမှုဟုဆိုရာမှာ စိုက်ပျိုးသီးနှံသာမက မွေးမြူရေး၊ ရေထွက်ကုန် အမယ်စုံ ဖူလုံနေမှသာ အဓိပ္ပာယ်နဲ့ ကိုက်ညီမှာဖြစ်ပါတယ်။ စား၊ ဝတ်၊ နေ၊ ရေး သုံးဖြာမှာ အရေးကြီးဆုံးဖြစ်တဲ့အပြင် ကျန်းမာရေးနဲ့ညီညွတ်ပြီး ဘေးကင်းတဲ့ အစားအသောက်ကို လုံလုံလောက်လောက် မျှမျှတတစားသုံးနိုင်မှလည်း ကျန်းကျန်းမာမာနဲ့ အသက်ရှင်သန်မှာဖြစ်တယ်ဆိုတဲ့အတွက် စားနပ်ရိက္ခာဖူလုံရေး (food security) နဲ့ ဘေးကင်းတဲ့အစားအစာ (food safety) ဆိုတာမှာ လူသားအားလုံးနဲ့ သက်ဆိုင်သွားပါတယ်။ မြန်မာလူမျိုးအားလုံးအတွက် ဖူလုံဖို့နဲ့ ဘေးကင်းဖို့ နှစ်ချက်လုံးနဲ့ဆိုင်နေတဲ့အပြင် ပြဿနာရှိနေတဲ့ အစားအစာတစ်ခုကို ညွှန်ပြပါဆိုရင်တော့ ကျွန်တော်တို့ရဲ့အစားအစာမှာ မရှိမဖြစ်ပါဝင်နေတဲ့ စားသုံးဆီကိုသာ တိုက်ရိုက်ညွှန်းရပါလိမ့်မယ်။

မဖူလုံမှုပြဿနာနှင့် နောက်ဆက်တွဲသက်ရောက်မှု

ဘာကြောင့် ကျွန်တော်တို့နိုင်ငံမှာ စားသုံးဆီတစ်မျိုးက မဖူမလုံဖြစ်နေရပါသလဲ။ ဆိုရရင် လုံလောက်အောင်မထုတ်နိုင်လို့ပါပဲ။ စားဝတ်နေရေး ခက်ခဲတော့ မသုံးနိုင်၊ ဗဟုသုတနည်းတော့ မသုံးတတ်လို့နဲ့ အသုံးထက် အဖြုန်းက များနေလို့ သာလျှင် ဖြစ်ပါလိမ့်မယ်။ မသုံးနိုင်၊ မသုံးတတ်တော့ ကျန်းမာရေးအတွက် ဘေးမကင်း၊ နောက်ဆုံးတော့ လူတွေမှာ အဝလွန်၊ ဆီးချို၊ သွေးတိုး၊ နှလုံး၊ နာတာရှည်ရောဂါအစုံနဲ့ လူ့ဘဝသက်တမ်းတိုတိုမှာ နိဂုံးချုပ်ကြရတယ်။

ပြည်သူတွေစားသုံးနေတဲ့ စားသုံးဆီဖူလုံရေးတွက်ခြေကိုက်မယ့် ဆီထွက်သီးနှံတွေကို တိုးချဲ့စိုက်ပျိုး၊ အစားထိုးစိုက်ပျိုးသင့်တာ အစားထိုးတိုးချဲ့စိုက်၊ တစ်ဧကအထွက်နှုန်းတိုးဖို့လည်း ကြိုးစား၊ ပြည်ပကနေ တင်သွင်းတဲ့စားသုံးဆီကိုလည်း လျှော့ချ စတဲ့ ဆောင်ရွက်ချက်တွေက စားသုံးဆီဖူလုံရေးကို များစွာအထောက်အကူဖြစ်ပါတယ်။ ခက်တာက လိုအပ်ချက်နဲ့ ထုတ်လုပ်နိုင်မှုက များစွာကွာဟနေတာ၊ လူဦးရေက များလာတာနဲ့အမျှ ထုတ်လုပ်မှုနဲ့ စားသုံးမှု မမျှမတဖြစ်၊ ထုတ်လုပ်မှုထက် တင်သွင်းမှုက နှစ်ဆကျော်လောက်မြင့်နေတာ တွေ့ရတယ်။ ထုတ်လုပ်မှုနည်းပြီး ဝယ်လိုအားများရင် ပစ္စည်းက မဖူမလုံဖြစ်တာသဘာဝပါ။ မဖူလုံတော့ နိုင်ငံခြားတင်သွင်းဆီကိုသာ အားကိုးရ၊ ဒေါ်လာယိုပေါက်မပိတ်နိုင် စီးပွားရေး ရေခံမြေခံယိုင်နဲ့ရတာလည်း မဆန်းပါဘူး။

ရှိနေဆဲလိုအပ်ချက်များအပေါ် ထောက်ပြမှုနှင့် အလားအလာကောင်းများ

ဆီစိုက်ပျိုးပြီး ကိုယ့်ဆီကထွက်တဲ့ ပဲဆီနှမ်းဆီစစ်စစ်ကို စိုက်သူကိုယ်တိုင်က မစားနိုင်ဘဲ ပြန်ရောင်း၊ ဈေးပေါ၊ အရည်အသွေးညံ့တဲ့ဆီကိုပဲ ပြန်ဝယ်စားသုံးနေရတဲ့ အခြေအနေပါ။ အခုနောက်ပိုင်းတော့ လူတွေက မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီကို ဈေးကြီးပေမယ့် ပိုပြီးသုံးစွဲတာ ရှိလာတယ်။ တစ်ချိန်တည်းမှာ ကျန်းမာရေးနဲ့မညီတဲ့ဆီအသုံးများလာတာလည်း တွေ့ရတယ်။ ကျန်းမာရေးနဲ့ ညီညွတ်အောင်ဆိုရင် တစ်နေ့ ၂ ဒသမ ၂၅ ကျပ်သား စားသုံးခြင်းက အသင့်တော်ဆုံးပါပဲ။ ဒီပမာဏနဲ့ ညီညွတ်အောင် စားသုံးသူတွေကို ပတ်ဝန်းကျင်မှာ တွေ့ရပါတယ်။ သို့ပေမယ့် တစ်ဦးချင်း ဆီစားသုံးမှုကတော့ အလွန်ကိုမြင့်မားနေဆဲပါပဲ။

တစ်ဖက်ကလည်း တာဝန်ရှိသူတွေက ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့အတွက် စားသုံးဆီ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးကို စီမံချက်ချ နည်းလမ်းရှာဖွေ လုပ်ကိုင်လာကြကြောင်းလည်း သိရပါတယ်။ အထူးသဖြင့် နေကြာကို အဓိကအားထားပြီး စိုက်ပျိုးဧကတိုးချဲ့၊ ထွက်နှုန်းကောင်းမယ့်မျိုးစေ့နဲ့ မျိုးစေ့ထုတ်တဲ့ အပိုင်းတွေမှာ အားထည့်ဆောင်ရွက်နေပြီး အထွက်နှုန်းတိုးအောင် စီမံလာတာ တွေ့ရတယ်။ စိုက်ပျိုးမြေလုံလောက်မှု ရှိတယ်ဆိုပေမယ့် ရေခံမြေခံကောင်းတဲ့ စိုက်မြေကို အပြည့်အဝ အသုံးချဖို့လိုအပ်ကြောင်း ထောက်ပြမှု၊ လမ်းညွှန်မှုတွေလည်း ရှိပါတယ်။

ပြည်ပဆီတင်သွင်းမှုများလာတဲ့အခါ ပြည်တွင်းဆီကြိတ်ခွဲစက်တွေလည်း အလုပ်မဖြစ်၊ ရပ်နားရ၊ လူတွေလည်း အလုပ်လက်မဲ့ဖြစ်လာတယ်။ ဒါကြောင့် ပြည်တွင်းထွက် မြေပဲနဲ့ နှမ်းကို ပြည်ပမတင်ပို့ဘဲ ပြည်တွင်းမှာပဲ ဆီကြိတ်ပြီး ဆီထုတ်နိုင်ရင်မကောင်းဘူးလား စတဲ့ လမ်းညွှန်ချက်တွေကို ထိထိရောက်ရောက် အသုံးချရမယ်လို့ ယူဆပါတယ်။ အချိန်မီ စိုက်ပျိုးရိတ်သိမ်း ထုတ်လုပ်ဖို့၊ သီးထပ်စိုက်ဖို့လိုမလား၊ ရေရရှိဖို့လိုအပ်ချက်၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ နည်းပညာလိုအပ်ချက်နဲ့ အချို့နေရာတွေမှာ အမှန်တကယ် စိုက်ပျိုးမှု ရှိ/မရှိ စီမံခန့်ခွဲမှုကဏ္ဍလိုအပ်ချက် စသည်ဖြင့် ဒီအချက်တွေက ဘယ်စိုက်ပျိုးရေးကဏ္ဍမှာပဲဖြစ်ဖြစ် အဓိကအဟာန့်အတားတွေအဖြစ် ရှိနေဆဲပါပဲ။

စိုက်ဧကတိုးချဲ့စိုက်ပျိုးနေသလို တစ်ဖက်ကလည်း စားအုန်းဆီကို ကန့်သတ်တင်သွင်းနေတဲ့ အခြေအနေလည်း ရှိနိုင်ပါတယ်။ တင်သွင်းစရိတ်လျှော့ချနိုင်ရင် စားအုန်းဆီဈေးကွက်က စိုက်ပျိုး၊ ကြိတ်ခွဲ၊ သယ်ယူပို့ဆောင်ရောင်းဝယ်ရေးအဆင့်ဆင့်မှာ အဲဒီငွေကို ပိုသုံးနိုင်တဲ့ အခြေအနေဖြစ်သွားနိုင်ပါတယ်။ ပြည်ပကတင်သွင်းတဲ့ လက်ရှိစားအုန်းဆီဈေးနှုန်းဟာ ကိုဗစ်ကပ်ကာလကတည်းက အလွန်ကြီးမြင့်နေတဲ့အတွက် ထွက်သွားမယ့်ငွေကို အကျိုးရှိရှိ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍမှာ ပိုပြီးရင်းနှီးမြှုပ်နှံနိုင်ရင် စားသုံးဆီ စိုက်ပျိုးထုတ်လုပ်မှုဟာ အမှန်တကယ် တိုးတက်လာမှာ ဖြစ်ပါတယ်။ တစ်ဖက်မှာလည်း စိုက်ပျိုးရေးအပိုင်းမှာ အလေ့အကျင့်ကောင်း၊ ကြိတ်ခွဲထုတ်လုပ်တဲ့အပိုင်းမှာ ထုတ်လုပ်မှုကျင့်စဉ်ကောင်း၊ အစားအစာဖြစ်သွားတဲ့အဆင့်မှာ ဘေးအန္တရာယ်ကင်းရှင်းမှု စံချိန်စံညွှန်းတွေနဲ့ ခေတ်မီနည်းစနစ်တွေနဲ့ ကိုက်ညီအောင် လိုက်နာကျင့်သုံးလျက်ရှိနေပြီဖြစ်ကြောင်းလည်း ကြားသိနေရပါတယ်။

ကျန်းမာရေးနဲ့ ဝင်ငွေထွက်ငွေကာမိရန် မပြတ်ပညာပေး ဆွေးနွေးနေရ

ဖူလုံမှုနဲ့ ဘေးကင်းမှုဆိုပြီးရှိရာမှာ ဖူလုံဖို့အတွက် စိုက်ပျိုးထုတ်လုပ်မှုအပိုင်းမှာ လုပ်ရမယ့်ကဏ္ဍတွေက ရေရှည်ဖြစ်ပြီး အကျိုးသက်ရောက်မှုက နေ့ချင်းညချင်း ဖြစ်မလာသေးပါဘူး။ လူတွေအနေနဲ့က မိမိတို့တစ်ဦးချင်းကျန်းမာရေးကိုသာ ပိုပြီးဂရုစိုက်ကြရမှာပါ။ ရေရှည်ဖူလုံမှုအတွက် လုပ်နေသလို တစ်ဦးချင်း ဆီအသုံးလျှော့ချပြီး ဘေးကင်းအောင် ရွေးချယ်စားသောက်တတ်ခြင်းက မိမိကျန်းမာရေးကို ချက်ချင်းလက်ငင်း အကျိုးဖြစ်ကာ ထွက်ငွေကိုလည်း ကာမိစေပါတယ်။ အဓိကကတတ်နိုင်သမျှ ပြည်ပက ဈေးကြီးပေးတင်သွင်းနေရတဲ့ စားအုန်းဆီနေရာမှာ ဘေးကင်းတဲ့ စားသုံးဆီတွေကို တဖြည်းဖြည်း အစားထိုး၊ အကျင့်လုပ်စားသောက်သွားသင့်ခြင်းပါပဲ။

ပြည်တွင်းက စိုက်ပျိုးထုတ်လုပ်တဲ့ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီက ဈေးမြင့်ပေမယ့် ကျန်းမာရေးနဲ့ ညီညွတ်တယ်၊ ဘေးကင်းတယ်လို့ အထိုက်အလျောက် နားလည်သူတွေ ရှိလာတဲ့အလျောက် ယခင်ထက် စားသုံးမှုလည်းများလာပါတယ်။ လူတွေက စားအုန်းဆီထက် မြေပဲဆီ၊ နှမ်းဆီကို ပိုကြိုက်ပြီးသားပါ၊ ဈေးသက်သာလို့သာ စားနေကြရတာ။ တာဝန်ရှိသူတွေအနေနဲ့ကလည်း ဘေးကင်းတဲ့ဆီကောင်းကောင်းကိုသာ စားစေချင်တာ။ ဒါကြောင့်လည်း စားသုံးဆီဘေးကင်းမှု ရှိ / မရှိ အကျိုးအပြစ်တွေကို မပြတ်ပညာပေး ဆွေးနွေးနေရခြင်းဖြစ်ပါတယ်။

မိမိရဲ့ အသက်ရှင်သန်ရပ်တည်ရေးအတွက် စားရေး၊ သောက်ရေးကို လူတွေက ဂရုစိုက်ကြရာမှာ ဖူလုံမှု ဘေးကင်းမှုကို တချို့က တလွဲအယူအဆရှိကြတယ်။ ခန္ဓာကိုယ်စွမ်းအင်အတွက် အရေးကြီးတဲ့စားဆီဟာ စားတဲ့အခါ ချင့်ချိန်ရမယ့် ပမာဏမှာပဲဖြစ်သင့်ပြီး ကျန်းမာရေးနဲ့မသင့်တဲ့ အမျိုးအစားနဲ့ ကြော်လှော်မှုပုံစံတွေ မဖြစ်သင့်ပါဘူး။ ကျွန်တော်တို့ ပြည်သူအများစုသုံးစွဲနေတဲ့ စားအုန်းဆီဟာ ကမ္ဘာ့ဈေးကွက်မှာလည်း ကပ်ဘေးကြောင့်၊ စစ်ကြောင့် တင်ပို့တဲ့နိုင်ငံတွေက ချမှတ်တဲ့ အခွန်အခတွေကြောင့် မြင့်တက်နေပါတယ်။ ဒါကြောင့် ကိုယ့်ဘက်က အသုံးကိုလျှော့ ဥပမာ- ဆီပြန်ဟင်းမှ ကြိုက်တတ်တာမျိုးကို လျှော့ပြီး အရည်အသွေးမီတာ၊ ကိုယ်ကြိုက်တာကိုသာ အဓိကထား သုံးဖို့ပဲရှိပါတယ်။ မိမိအတွက် ကျန်းမာရေးကောင်းဖို့ကလွဲပြီး အခြားအရေးကြီးတာမရှိဆိုတဲ့ အယူအဆအောက်မှာပဲ အလေ့အကျင့်လုပ်ပေးပါ။

အရည်အသွေးမီခြင်း မမီခြင်းဆိုတာ ကိုယ်ချက်ပြုတ်ကြော်လှော်စားသုံးတဲ့ စရိုက်အပေါ်မှာပဲ အဓိကဖြစ်ပါတယ်။ ဆီကဈေးကြီးတော့ အိမ်ရှင်မတွေက သုံးပြီးဆီကို ခဏပြန်သိမ်း၊ ပြန်ချက်ပြန်ကြော် တချို့က သုံးပြန်လေးပြန်သုံးကြတဲ့အခါ ကျန်းမာရေးကို အလွန်ထိခိုက်ပါတယ်။ လမ်းဘေးဆိုင်တွေက အကြော်အလှော်လည်း ဒီအတိုင်းပါပဲ။ အချို့လည်း မတော်လောဘနဲ့ အနံ့ကောင်းအောင်၊ အရောင်ပြောင်းအောင်၊ ဆီအစစ်ထင်အောင် ဓာတုပစ္စည်း အရောအနှော၊ ဆီအရောအနှောတွေ ထည့်သုံးကြ၊ လိမ်ရောင်းကြကြောင်း ကြားဖူးနားဝရှိပါတယ်။

ဒီအပိုင်းကတော့ ဆီဝယ်ရင် FDA approved ဖြစ်တဲ့တံဆိပ်မျိုး၊ စိုက်ပျိုးရေး အလေ့အကျင့်ကောင်း GAP Good Agricultural Practice၊ ကြိတ်ခွဲထုတ်လုပ်မှုကျင့်စဉ်ကောင်း GMP Good Manufacturing Practice၊ အစားအစာဖြစ်သွားတဲ့အဆင့်မှာ ဘေးအန္တရာယ်ကင်းရှင်းမှု *စာမျက်နှာ ၁၇ သို့*

- **အဆီကြောင့် ခန္ဓာကိုယ်ဝိတ်တက်လာရင် နောက်ဆက်တွဲပါလာတဲ့ နာတာရှည် ဆီးချို၊ သွေးချိုရောဂါတွေကို ထည့်တွက်ရပါမယ်။ ယနေ့ ပြည်သူ့ ကျန်းမာရေးပြဿနာမှာ ထိပ်ဆုံးကနေရာယူပြီး နှစ်စဉ်အသေအပျောက်များတဲ့စာရင်းမှာ သွေးတိုး၊ ဆီးချိုက အဓိကဆိုတာ မမေ့ဖို့လိုပါတယ်။ နောက်ထပ် လူတွေကြောက်တဲ့ရောဂါက ကင်ဆာဆိုတဲ့ ရောဂါဆိုးကြီးပါပဲ။ ဆီကိုချွေတာပြီး ထပ်ကာထပ်ကာ အပူပေးစားသုံးတတ်တဲ့အကျင့်ဟာ ကင်ဆာ၊ နှလုံး သွေးကြောဆိုင်ရာနဲ့ ခန္ဓာတစ်ရှူးရောင်ရမ်းခြင်းဆိုင်ရာ ရောဂါများနဲ့ ဆက်စပ်နေပါတယ်**
- **တာရှည်အပူပေးပြီး ပြန်သုံးတဲ့အဆီဟာ မူလ သဘာဝဆီကောင်းဘဝကနေ ကျန်းမာရေးကို အကြီးအကျယ်ထိခိုက်စေတဲ့ အသွင်ပြောင်းဆီဘဝကို ဓာတ်ပြောင်းသွားကြောင်း သိလိုက်ရရင် မိမိကျန်းမာရေးအတွက် လုပ်သင့်လုပ်ထိုက်တာ လုပ်နိုင်လိမ့်မယ်လို့ ယူဆပါတယ်**

ပညာရေးဝန်ကြီးဌာန

“၂၀၂၄-၂၀၂၅ ပညာသင်နှစ်” အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များ

၁။ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေး အပါအဝင် မည်သည့်အခကြေးငွေကိုမျှ လုံးဝမကောက်ခံပါ။

၂။ အခမဲ့ထောက်ပံ့မှုများမှာ

(က) သူငယ်တန်း (KG) သင်ရိုးသစ်

၁။ သင်္ချာအခြေခံ ၂။ ပုံဆွဲခြင်းနှင့် ဆေးခြယ်ခြင်း ၃။ သင်ယူမှုရလဒ်မှတ်တမ်း ၄။ ဗျည်းအက္ခရာ၊ ကိန်းဂဏန်းတွေအရေးကျင့်ကြမယ်စာအုပ် ၅။ ခဲတံ(၄)ချောင်း ၆။ ကျောင်းဝတ်စုံ(၁)စုံ

(ခ) ပထမတန်း (Grade 1) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဂ) ဒုတိယတန်း (Grdae 2) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဃ) တတိယတန်း (Grade 3) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ် (၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(င) စတုတ္ထတန်း (Grade 4) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ (၁)စုံ

(စ) ပဉ္စမတန်း (Grade 5) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ(၁)စုံ

(ဆ) ဆဋ္ဌမတန်း (Grade 6) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ဇ) သတ္တမတန်း (Grade 7) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ (ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ဈ) အဋ္ဌမတန်း (Grade 8) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ (ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ည) နဝမတန်း (Grade 9) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့် ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂) ချောင်း

(ဋ) ဒသမတန်း (Grade 10) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း)(ဓာတု+ရူပ+ဘောဂ)ဘာသာတွဲ ၁၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၁၇။ ဘဝ တွက်တာကျွမ်းကျင်စရာ ၁၈။ ကာယပညာ(သို့မဟုတ်)အနုပညာ(ပန်းချီ)(သို့မဟုတ်) အနုပညာ(ဂီတ) ၁၉။ ဗလာစာအုပ် (၁)ဒါဇင် ၂၀။ ဘောပင် (၂)ချောင်း ၂၁။ ခဲတံ (၂)ချောင်း

(ဌ) ဧကာဒသမတန်း (Grade 11) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ (ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း)(ဓာတု+ရူပ+ဘောဂ)ဘာသာတွဲ ၁၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၁၇။ ဘဝ တွက်တာကျွမ်းကျင်စရာ ၁၈။ ကာယပညာ(သို့မဟုတ်)အနုပညာ(ပန်းချီ)(သို့မဟုတ်)အနုပညာ(ဂီတ) ၁၉။ ဗလာစာအုပ် (၁)ဒါဇင် ၂၀။ ဘောပင် (၂)ချောင်း ၂၁။ ခဲတံ (၂) ချောင်း

(ဍ) ဒွါဒသမတန်း(Grade 12) သင်ရိုးသစ်

၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း)(ဓာတု+ရူပ+ဘောဂ)ဘာသာတွဲ ၁၆။ ဗလာစာအုပ် (၁)ဒါဇင် ၁၇။ ဘောပင် (၂)ချောင်း ၁၈။ ခဲတံ (၂) ချောင်း

မျိုးသုဉ်းမည့်အန္တရာယ်ကျရောက်နေသည့် မျိုးစိတ်များနေ့အထိမ်းအမှတ် ပညာပေးစကားဝိုင်းပြုလုပ်

ပုသိမ် မေ ၁၁

မျိုးသုဉ်းမည့်အန္တရာယ်ကျရောက်နေသည့် မျိုးစိတ်များနေ့ အထိမ်းအမှတ် အသိပညာပေးစကားဝိုင်းကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ မေ ၉ ရက်က ကျင်းပပြုလုပ်သည်။

စကားဝိုင်းတွင် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသူရဖြိုး၊ တိုင်းဒေသကြီးသစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ခိုင်နှင့် ပုသိမ်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ချိုမာထွန်းတို့က မျိုးသုဉ်းမည့်အန္တရာယ်ကျရောက်နေသည့် မျိုးစိတ်များနေ့ ဖြစ်ပေါ်လာပုံနှင့် ရည်ရွယ်ချက်၊ မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထိန်းသိမ်းရမည့် တောရိုင်းတိရစ္ဆာန် အမျိုးအစားများ၊ မျိုးသုဉ်းမည့်အန္တရာယ် ကျရောက်ရသည့် အကြောင်းရင်းများ၊ နိုင်ငံတကာ၏ သတ်မှတ်ချက်များနှင့် ထိန်းသိမ်းကာကွယ် ဆောင်ရွက်နေသည့် အစီအစဉ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် မျိုးသုဉ်းမည့် အန္တရာယ်ကျရောက်နေသည့် မျိုးစိတ်များအတွက် ထိန်းသိမ်းကာကွယ်ရေးနှင့်ပတ်သက်ပြီး ဆောင်ရွက်မှုအခြေအနေများ စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

စာမျက်နှာ ၁၆ မှ

စံချိန်စံညွှန်း HACCP Hazard Analysis Critical Control Point တွေပါတဲ့ အမှတ်အသားမျိုးတွေကို သတိပြု ရွေးချယ်ဝယ်ယူသင့်ပါတယ်။ နောက်ပိုင်းမှာတော့ ပဲဆီ၊ နှမ်းဆီအပြင် နေကြာဆီ၊ သံလွင်ဆီတို့ကိုလည်း လူကြိုက်များလာတာ တွေ့ရပါတယ်။

နောက်ဆက်တွဲကျန်းမာရေးပြဿနာများ

ဒါပေမယ့် ဘယ်သူတွေဘာလုပ်လုပ်၊ ဘယ်လိုဖြစ်ဖြစ် မိမိသာအဓိက၊ မိမိဘက်ကသာ ဆင်ခြင်တုံတရား၊ ကျန်းမာရေးအသိသတိရှိနေဖို့က အရေးကြီးဆုံးပါပဲ။ ဘယ်သူမပြု မိမိမှု ၊ သတိမမူဂူမမြင် ဆိုတဲ့အတွက် ဒီနေရာမှာ စားသုံးဆီနဲ့ဆက်စပ်နေတဲ့ နောက်ဆက်တွဲ ကျန်းမာရေးပြဿနာပေါင်းစုံကို မျှဝေချင်ပါတယ်။ ကမ္ဘာမှာရော မြန်မာမှာပါ ကြုံနေရတာပါ။ သွေးတွင်းအဆီများပြီး အဖြစ်များတဲ့ နှလုံးသွေးကြောကျဉ်းရောဂါနဲ့ နှလုံးသွေးကြောပိတ်ရောဂါတွေဟာ အရေးပေါ် ဆေးရုံရောက်ရပြီး အသက်ခန္ဓာဆုံးရှုံးနိုင်တဲ့အထိ အလွန်ကိုအန္တရာယ်များတဲ့ ရောဂါတွေပါ။ အဆီကြောင့် လေဖြတ်နိုင်ခြေနဲ့ လူစဉ်မမီ ဒုက္ခိတဘဝရောက်ရတဲ့ အခြေအနေတွေကိုသိမြင်ပြီး ကြောက်တတ်ရပါမယ်။ သွေးတွင်းအဆီပမာဏ များတဲ့အခါ သွေးကြောနံရံတွေမှာ အဆီတွေစု၊ အဆီချိုးတွေကပ်တယ်လို့ပဲ လွယ်လွယ်မှတ်ပြီး အဲဒီကတစ်ဆင့် သွေးတိုးမဖြစ်အောင် ကြိုတင်ကာကွယ်လို့ရပါတယ်။

အဆီကြောင့် ခန္ဓာကိုယ်ဝိတ်တက်လာရင် နောက်ဆက်တွဲပါလာတဲ့ နာတာရှည် ဆီးချို၊ သွေးချိုရောဂါတွေကို ထည့်တွက်ရပါမယ်။ ယနေ့ ပြည်သူ့ကျန်းမာရေးပြဿနာမှာ ထိပ်ဆုံးကနေရာယူပြီး နှစ်စဉ်အသေအပျောက်များတဲ့စာရင်းမှာ သွေးတိုး၊ ဆီးချိုက အဓိကဆိုတာ မမေ့ဖို့လိုပါတယ်။ နောက်ထပ် လူတွေကြောက်တဲ့ရောဂါက ကင်ဆာဆိုတဲ့ ရောဂါဆိုးကြီးပါပဲ။ ဆီကိုချွေတာပြီး ထပ်ကာထပ်ကာ အပူပေးစားသုံးတတ်တဲ့ အကျင့်ဟာ ကင်ဆာ၊ နှလုံး သွေးကြောဆိုင်ရာနဲ့ ခန္ဓာတစ်ရှူးရောင်ရမ်းခြင်းဆိုင်ရာရောဂါများနဲ့ ဆက်စပ်နေပါတယ်။

တာရှည်အပူပေးပြီး ပြန်သုံးတဲ့အဆီဟာ မူလသဘာဝဆီကောင်းဘဝကနေ ကျန်းမာရေးကို အကြီးအကျယ်ထိခိုက်စေတဲ့ အသွင်ပြောင်းဆီဘဝကို ဓာတ်ပြောင်းသွားကြောင်း သိလိုက်ရရင် မိမိကျန်းမာရေးအတွက် လုပ်သင့်လုပ်ထိုက်တာ လုပ်နိုင်လိမ့်မယ်လို့ ယူဆပါတယ်။ လူကိုအကျိုးမပြုတဲ့ free radicals မော်လီကျူးတွေ ခန္ဓာတွင်းစုမိတဲ့ အကြောင်းတရားတွေမှာ ပြန်ကြော်ဆီဆိုတဲ့ အကြောင်းတရားတစ်ခု ပါဝင်နေတဲ့အတွက် မကောင်းတဲ့အလေ့အထဆိုရင် ဖျောက်ရပါမယ်။ ထို့ပြင် ဆီစားသုံးမှုများခြင်းဟာ အသည်းမှာ အဆီတွေသွားစုပြီး အသည်းအဆီဖုံးပြဿနာကိုလည်း ရင်ဆိုင်ရတတ်ပါတယ်။ အသည်းအဆီဖုံးခြင်းကြောင့် နောက်ပိုင်းမှာ နာတာရှည်အသည်းရောင်၊ အသည်းခြောက်ရောဂါကနေ အသည်းပျက်စီးတဲ့အထိ ဆိုးကျိုးတွေပေးပါတယ်။

ဒါကြောင့် ဆီစားသုံးမှုများတဲ့ ပြဿနာနဲ့ ဘေးမကင်းတဲ့ ဆီသုံးစွဲမှု အလေ့အထဟာ ကျန်းမာရေးကို ဘယ်လိုမှအထောက်အကူမဖြစ်ဘူးဆိုတာ သိသာတဲ့အတွက် ဘယ်လိုဆီ အမျိုးအစားပဲဖြစ်ဖြစ် အနည်းဆုံးပမာဏနဲ့ လျှော့ချသုံးစွဲသင့်တယ်ဆိုတဲ့အဖြေပဲ ထွက်ပါလိမ့်မယ်။ ငါတို့သုံးတဲ့ဆီမှာ အရောအနှောတွေပါနေလား၊ ဓာတုပစ္စည်းတွေထည့်ထားသလား စတဲ့ ဘေးကင်းစိတ်ချရမှုကို လွယ်လွယ်နဲ့ မသိနိုင်ပါဘူး။ ဒါကြောင့် မိမိဘက်က လျှော့သုံးဖို့ကိုပဲ အကြံပြုလိုခြင်းဖြစ်ပါတယ်။ ဆီပြန်ဟင်းတွေ၊ ရွှဲနေတဲ့ဆီတွေ၊ အပြင်မှာ ထွက်စားတတ်တဲ့ အလေ့အကျင့်တွေ မေ့ထားလိုက်စေချင်တယ်။ နိုင်ငံအဆင့်အနေနဲ့က စားသုံးဆီဈေးကွက်ကွင်းဆက်အဆင့်ဆင့်မှာ ဖူလုံရေးကို အထူးပြုဆောင်ရွက်နေသလို ကျန်းမာရေး အသိအမြင်နဲ့တကွ ကိုယ့်ဝင်ငွေနဲ့ ထွက်ငွေမျှတအောင် ချင့်ချိန်သုံးစွဲ ရမှာကလည်း မိမိအကျိုးအတွက် မိမိရဲ့တာဝန်ပါပဲ။

နောက်ဆုံးတော့ **“အာရောဂျံ ပရမံလာဘံ”** ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဆိုတဲ့တန်ဖိုးကို ဘာနဲ့မှမလဲဘဲ မိမိတို့ရဲ့ဘဝအဆင့်အတန်းကို မြင့်သည်ထက်မြင့်မားအောင်သာ အလေ့အကျင့်လုပ်ကြစို့ဟူ၍သာ အကြံပြုလိုက်ပါရစေ…။ ။

(၅၉) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၉၅၄ တွဲ ရောင်းချနိုင်ခဲ့

နေပြည်တော် မေ ၁၁

(၅၉) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နဝမနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်းရတနာကုန်သည်များသည် နံနက်ပိုင်းမှ စတင်၍ မဏိရတနာကျောက်စိမ်းခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသော ပြည်တွင်းရတနာ ကုန်သည်များကိုသာ မြန်မာကျပ်ငွေဖြင့် ရောင်းချပေးသည့် အုပ်စု (C) မှ ကျောက်စိမ်းအတွဲများကို စိတ်ကြိုက် လေ့လာကြည့်ရှုကြသည်။ **(ယာပုံ)**

ယနေ့ပြပွဲတွင် အုပ်စု(C) မှ ဆက်လက်ရောင်းချမည့် ကျောက်စိမ်း အတွဲအမှတ် ၂၇၅၁ မှ ၃၇၅၀ အထိ ကျောက်စိမ်းအတွဲပေါင်း ၁၀၀၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ပြီး ကျောက်စိမ်းအတွဲပေါင်း ၉၅၄ တွဲ ရောင်းချခဲ့ရကြောင်း ကြေညာခဲ့သည်။ ယနေ့တွင် အုပ်စု (C) မှ ကျောက်စိမ်းအတွဲအမှတ် ၃၇၅၁ မှ ၄၅၅၀ အထိ ကျောက်စိမ်းအတွဲများကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

မွန်းလွဲပိုင်းတွင် ကျောက်စိမ်းအတွဲအမှတ် ၃၇၅၁ မှ ၄၅၅၀ အထိတင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ရောင်းချရသည့် ကျောက်စိမ်းအတွဲများကို ပြပွဲနောက်ဆုံးနေ့တွင် ကြေညာသွားမည်ဖြစ်သည်။

(၅၉) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ မေ ၃ ရက်မှ ၁၂ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲဒုတိယနေ့တွင် ပုလဲအတွဲပေါင်း ၁၈၂ တွဲ၊ တတိယနေ့တွင် ပုလဲအတွဲပေါင်း ၁၉၇ တွဲ၊ စတုတ္ထနေ့တွင် ကျောက်မျက်အတွဲပေါင်း ၈၈ တွဲ၊ ပဉ္စမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၅၄၆ တွဲ၊ ဆဋ္ဌမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၅၆၉ တွဲ၊ သတ္တမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၄၂၄ တွဲနှင့် နဝမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၉၅၄ တွဲတို့ကို ရောင်းချပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်အစိုးရက ဆော်ဒီအာရေဗျနိုင်ငံ Dammam မြို့တွင် အခက်အခဲကြုံတွေ့နေရသော မြန်မာနိုင်ငံသူနှစ်ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့

ရန်ကုန် မေ ၁၁

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့နေရပါက မည်သို့သော အခြေအနေကြုံတွေ့ရသည်ဖြစ်စေ နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထား၍ မြန်မာသံရုံးနှင့် သက်ဆိုင်ရာနိုင်ငံသံရုံးတို့ ချိတ်ဆက်၍ မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံးပြန်လည်ရောက်ရှိရန် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ၊ Dammam မြို့၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူနှစ်ဦးအား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာသံရုံးအနေဖြင့် ရီရတ်ဒ်မြို့ရှိ အာဏာပိုင်များနှင့် ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့သည်။ ထိုသို့ခေါ်ဆောင်ရာတွင် မသိန်းရွှေသည် ဆော်ဒီအာရေဗျနိုင်ငံ Dammam မြို့မှ မေ ၉ ရက် ဒေသစံတော်ချိန် ည ၈ နာရီ မိနစ် ၅၀ တွင် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ပြီး မေ ၁၀ ရက်တွင် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့နှင့် ထိုင်းနိုင်ငံ ဘန်ကောက်တို့မှတစ်ဆင့် ဆက်လက်ထွက်ခွာလာခဲ့ရာ ရန်ကုန်မြို့သို့ ယနေ့ နံနက် ၁၁ နာရီခွဲတွင် ပြန်လည်ရောက်ရှိခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံ Dammam မြို့တွင် အခက်အခဲများစွာ ရင်ဆိုင်ခဲ့ရမှုနှင့်စပ်လျဉ်း၍ မသိန်းရွှေက "ကျွန်မက ရွှေပြည်သာမြို့နယ်ကပါ။ Dammam မြို့မှာအလုပ်လုပ်တာ တစ်နှစ်ကျော်ပါပြီ။ သက်ကြီးရွယ်အိုတစ်ဦးကို စောင့်ရှောက်ရတဲ့အပြင် အိမ်အလုပ်လည်းလုပ်ရတယ်။ မိသားစုလည်းများကြတယ်။ ဆက်ပြီးအလုပ်လုပ်လိုစိတ် မရှိတာကြောင့် နောက်ပိုင်းမြန်မာပြည်ကို ပြန်ခွင့်တောင်းတော့ ပြန်ခွင့်မပြုတာနဲ့ ရီရတ်ဒ်မြို့မှာရှိတဲ့ မြန်မာသံရုံးကို အကူအညီတောင်းခံခဲ့တာပါ။ သံအမတ်ကြီးအကူအညီနဲ့ မြန်မာနိုင်ငံကိုပြန်ရောက်လာခဲ့တော့ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ သံရုံးဝန်ထမ်းတွေကလည်း နွေးနွေးထွေးထွေးကြိုဆိုပြီး မြန်မာပြည်ကိုပြန်နိုင်ဖို့အတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့ကြပါတယ်။ အားလုံးကို ကျေးဇူးအထူးတင်ပါတယ်။ ကျေးဇူးဆပ်ခွင့်ရရင်လည်း ကျေးဇူးဆပ်ချင်ပါတယ်။ ပြည်ပမှာနေတဲ့သူတွေဟာ အမိမြေကို မလွမ်းတဲ့သူ မရှိပါဘူး။ အမိမြေကို ပြန်လည်ရောက်ရှိအောင် ကူညီဆောင်ရွက်ပေးကြတဲ့ နိုင်ငံတော်အကြီးအကဲတွေနဲ့ သံမှူးကြီးကို အထူးပဲကျေးဇူးတင်ပါတယ်"ဟု ရင်တွင်းပီတိစကား ပြောကြားသည်။

အလားတူ ဆော်ဒီအာရေဗျနိုင်ငံ Dammam မြို့တွင် အလုပ်လုပ်ကိုင်သည့် မဥမ္မာမြင့်သည် အလုပ်ရှင်နေအိမ်တွင် တစ်လတာ အလုပ်လုပ်ကိုင်ခဲ့ပြီး ဆက်လက်မလုပ်ကိုင်လိုတော့သဖြင့် ဒူဘိုင်းမြို့သို့သွားလိုကြောင်း ခွင့်တောင်းခဲ့ရာ အိမ်ရှင်မှ ဒူဘိုင်းမြို့သို့ထွက်ခွာမည့် မော်တော်ယာဉ်ဂိတ်သို့ ပို့ဆောင်ပေးခဲ့ရာမှ ဆော်ဒီအာရေဗျနိုင်ငံမှ ယူအေအီးနိုင်ငံသို့ ထွက်ခွာလာစဉ် နယ်စပ်ဂိတ်အရောက်၌ တာဝန်ရှိသူများက ရီရတ်ဒ်မြို့သို့ ထွက်ခွာမည့် မော်တော်ယာဉ်ဖြင့် ပြန်လည်ပို့ဆောင်ခဲ့ပြီး မြန်မာသံရုံးသို့ ဧပြီ ၁၅ ရက်တွင် ရောက်ရှိခဲ့ရာ သံရုံးမှ သံမှူးကြီးနှင့် ဝန်ထမ်းများက နွေးထွေးစွာ ကူညီစောင့်ရှောက်၍ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မဥမ္မာမြင့်သည် မေ ၁၀ ရက်တွင် ရီရတ်ဒ်မြို့မှ ဒေသစံတော်ချိန် ည ၉ နာရီ ၁၀ မိနစ်တွင် လေကြောင်းလိုင်းဖြင့် ထွက်ခွာလာခဲ့ပြီး ဒူဘိုင်း၊ ထိုင်းနိုင်ငံ ဘန်ကောက်တို့မှတစ်ဆင့် ရန်ကုန်မြို့သို့ ယနေ့ညနေ ၄ နာရီခွဲတွင် ရောက်ရှိခဲ့သည်။ Dammam မြို့ အလုပ်ရှင်နေအိမ်တွင် အခက်အခဲများ ကြုံတွေ့ခဲ့ရမှုနှင့် မြန်မာသံရုံးက ကူညီစောင့်ရှောက်ပေးခဲ့မှုနှင့်စပ်လျဉ်း၍ မဥမ္မာမြင့်က "ကျွန်မက တောင်ငူမှာနေပါတယ်။ အသက် ၃၁ နှစ် ရှိပါပြီ။ ဒူဘိုင်းကို မြန်မာအေးဂျင့်နဲ့ချိတ်ဆက်ပြီး ရောက်သွားပါတယ်။ အဲဒီမှာအလုပ်လုပ်ရင်းနဲ့ ဆော်ဒီအာရေဗျနိုင်ငံမှာအလုပ်ရတော့ ဆက်လုပ်တယ်။ လုံးဝအဆင်မပြေတော့တာနဲ့ မြန်မာသံရုံးကို ရောက်သွားတော့ မိသားစုလိုပဲ နွေးနွေးထွေးထွေး လှိုက်လှိုက်လှဲလှဲကြိုဆိုတာ တွေ့ရတော့ ဝမ်းနည်းဝမ်းသာဖြစ်ခဲ့ရပါတယ်။ ပြီးတော့ ပြဿနာအားလုံးကို ဖြေရှင်းပေးတယ်။ နေစရာ၊ စားစရာကအစ စီစဉ်ပေးတယ်။ ပြန်တဲ့အထိ အကူအညီပေးကြပါတယ်။ ပြည်ပနိုင်ငံမှာ ကိုယ့်မြန်မာလူမျိုးအချင်းချင်း ကူညီမှုရရှိတာလောက် ဝမ်းသာပီတိဖြစ်ရတာ ဘာမှမရှိပါဘူး။ အထူးသဖြင့် နိုင်ငံတော်အကြီးအကဲတွေ၊ သံအမတ်ကြီးနဲ့ သံရုံးဝန်ထမ်းတွေအားလုံး သက်ရှည်ကျန်းမာပါစေ။ အခုထက်ပိုပြီး မြန်မာပြည်သူပြည်သားတွေကို ကူညီကယ်တင်စောင့်ရှောက်နိုင်ပါစေလို့ ဆုတောင်းလိုပါတယ်" ဟု ပြောကြားသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာသံရုံး၏ ညှိနှိုင်းဆောင်ရွက်မှုဖြင့် ကူညီဆောင်ရွက်ပေးခဲ့ရာ အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့ပြီး ယခုလို အမိနိုင်ငံသူနှစ်ဦး အတိဒုက္ခကြုံတွေ့နေစဉ် ကူညီကယ်တင်ပေးမှုကို အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရနှင့် မြန်မာသံရုံးတို့အား လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ- သီဟ

မသိန်းရွှေ

မဥမ္မာမြင့်

○ *ကျောဖုံးမှ*

အသင်းကို နှစ်ဂိုးပြတ် အနိုင်ရရှိပြီးနောက် နိုင်ပွဲပြန်လည်ရှာတွေ့ရန်အသင်းကို အကောင်းဆုံးပြင်ဆင်လာသော်လည်း မန်စီးတီးအသင်း၏ ထိုးဖောက်တိုက်စစ်ဆင်ကစားမှုအောက် ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့သည်။

ဂိုးပေါက်တည့် ကိုးကြိမ်

ထို့ပြင် ဖူလ်ဟမ်အသင်းသည် မန်စီးတီးအသင်းဘက်သို့ ပွဲချိန်တစ်လျှောက် ဂိုးကန်သွင်းမှုတစ်ကြိမ်သာ ပြုလုပ်နိုင်ခဲ့သည်။ ပြိုင်ဘက် မန်စီးတီးအသင်းက ဖူလ်ဟမ်အသင်းဘက်သို့ ဂိုးကန်သွင်းမှု ၁၆ ကြိမ်အထိ ပြုလုပ်နိုင်ခဲ့ပြီး ဂိုးပေါက်တည့်မတ်မှု ကိုးကြိမ်တွင် လေးကြိမ်ဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည်။

မန်စီးတီးနှစ်မှတ်သာ

မန်စီးတီးအသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ဒုတိယနေရာမှ အာဆင်နယ်အသင်းနှင့် ပွဲအရေအတွက်တူ ရမှတ်နှစ်မှတ်အသာဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ပြီး အမှတ်ပေးဖလား ဆွတ်ခူးရန် နီးကပ်လာပြီဖြစ်သည်။ မန်စီးတီးအသင်းအတွက် သွင်းဂိုးများကို ဂျီဗာဒီယိုလ်၊ ဖိုဒင်နှင့် အဲဗာရက်ဇ်တို့က သွင်းယူပေးခဲ့သည်။

မန်စီးတီးအသင်းသည် ပရီမီယာလိဂ်ပွဲစဉ် (၃၄) ပွဲကျန်အဖြစ် မေ ၁၅ ရက် နံနက် ၁ နာရီခွဲတွင် ကစားပုံမာကျောသည့် စပါးအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။

အခြားပွဲစဉ်များ

အခြားသော ပွဲစဉ်များတွင် ဘုန်းမောက်ကို ဘရန့်ဖို့ဒ်က နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပြီး ဝုလ်ဖ်ကို ပဲလေ့စ်က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည်။ ဝက်စ်ဟမ်းကလည်း လူတန်ကို သုံးဂိုး - တစ်ဂိုးဖြင့်နိုင်ကာ စပါးက ဘန်လေကို နှစ်ဂိုး-တစ်ဂိုး၊ အဲဗာတန်က ရှက်ဖီးကို တစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရသည်။

နယူးကာဆယ်နှင့် ဘရိုက်တန်ပွဲမှာ တစ်ဂိုးစီ သရေဖြစ်ခဲ့သည်။ တန်းဆင်းရမည့် အသင်းများအနေဖြင့် ရှက်ဖီးက ၃၇ ပွဲကစား ၁၆ မှတ်ရရှိကာ အဆင့် ၂၀၊ ဘန်လေက ၃၇ ပွဲကစား ၂၄ မှတ်ရရှိကာ အဆင့် ၁၉၊ လူတန်က ၃၇ ပွဲကစား ၂၆ မှတ် ရရှိပြီး အဆင့် ၁၈ ၌ ရပ်တည်နေသည်။

အောင်ဇော်

တိမ်အနည်းငယ် ဖြစ်ထွန်း
၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ချင်းပြည်နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း(၃)ရပ်၊ ဒေသခံတောင်သူများအား ဖြန့်ဝေရန် မျိုးစေ့ဝယ်ယူခြင်းနှင့် မြေသြဇာဝယ်ယူခြင်း လုပ်ငန်း(၄)ရပ်အတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ် အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၅-၅-၂၀၂၄ ရက်မှ ၁၈-၅-၂၀၂၄ ရက်အထိ နေ့စဉ်ရုံးချိန်အတွင်း ချင်းပြည်နယ်၊စိုက် ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးတွင် လာရောက်ဝယ်ယူ နိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများကို ၁၈-၅-၂၀၂၄ ရက် အထိ ရုံးချိန်အတွင်း နောက်ဆုံးထား၍ ချင်းပြည်နယ်၊ စိုက်ပျိုးရေး ဦးစီးဌာန၊ပြည်နယ်ဦးစီးမှူးရုံးတွင် တင်ဒါတင်သွင်းရန်ဖြစ် ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက် များကို ချင်းပြည်နယ်၊စိုက်ပျိုးရေးဦးစီး ဌာန၊ပြည်နယ်ဦးစီးမှူးရုံး၊ ဟားခါးမြို့၊ ဖုန်း-၀၇၀-၂၁၀၅၃၊ ၀၉-၄၄၁၉၀၅၂၃၅၊ ၀၉- ၇၈၆၇၄၃၉၈၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင် ပါသည်။

အများသိစေရန် ကြေညာခြင်း

ရွှေဘိုမြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၂)၊ အကွက်အမည် (ပြင်ဈေးတောင်ရပ်)၊ ဦးပိုင်အမှတ် (၇၄က)၊ ဧရိယာ ၀ ဒသမ ၀၃၉ ဧကကို ဘိုးဘပိုင်အမည်ပြောင်းရန် ရွှေဘိုမြို့၊ အမှတ်(၂)ရပ်ကွက်နေ ဒေါ်ခက်ခက်မိုးမှ လျှောက်ထားလာသည့်အတွက် ၎င်း၏ အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူရှိပါက ၂၀၂၄ ခုနှစ် ဇွန်လ ၃ ရက် မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုး သူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးမှူး
မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ ရွှေဘိုမြို့

ဦးသိန်းလွင် (ခ) ဦးသူရ နှင့် ဒေါ်ဆွေဆွေတင်တို့နှင့် သက်ဆိုင်သူ အများသိရှိစေရန် ကြေညာခြင်း

ဒေါ်သန်းသန်းထွေး ၁၂/ဒဂန (နိုင်) ၀၁၃၁၇၉၊ ဒေါ်ရီရီထွေး ၁၂/ဒဂန(နိုင်) ၀၀၆၄၂၈၊ ဒေါ်မာလာမြင့် ၁၂/ရကန(နိုင်)၀၂၃၅၁၉၊ ဒေါ်နန်းနီနီအောင် ၁၂/ရကန (နိုင်)၀၂၅၀၇၁၊ ဦးဘခိုင် ၁၂/ဒဂန(နိုင်)၀၁၃၁၆၄ တို့၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်းသိရှိစေရန် ညွှန်ကြားချက်အရ ကြော်ငြာ အပ်ပါသည်-

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူများမှ အမည်ပေါက်ပ ိုင်ဆိုင်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၅၊ E-2)၊ မြေကွက် အမှတ် (IV-26) လိပ်စာရှိ ဧရိယာ ၁ ဒသမ ၄၅၅ ဧက ကျယ်ဝန်းသော ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လူကြီးမင်းတို့နှင့် (၅-၂-၂၀၁၅)၊ (၃၁-၁-၂၀၂၃) ရက်စွဲပါ စရန်ပေးစာချုပ်များ ချုပ်ဆို၍ အရောင်းအဝယ် စရန်ငွေပေးခြင်း၊ လက်ခံခြင်းများ ပြုလုပ်ဆောင်ရွက်ခဲ့ ကြပါသည်။ ထို့နောက် စာချုပ်ပါ စည်းကမ်းချက်များအရ ရောင်းချသူ ကျွန်ုပ်၏ မိတ်ဆွေများမှ ရောင်းချသည့် မြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း မြေပုံအား တရားဝင်ကူးယူပေးခဲ့သော်လည်း လူကြီးမင်းတို့ဘက်မှ မြေကွက် ရောင်းဖိုးကျန်ငွေ များ ပေးချေရန် သတ်မှတ်သည့်ရက်များတွင် ပေးချေခဲ့ခြင်းမရှိဘဲ အကြိမ်ကြိမ် ကတိပျက်ကွက်ခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်၏ မိတ်ဆွေများမှ ရှေ့နေအား ညွှန်ကြားချက်ပေး၍ ၂၆-၁၂-၂၀၂၃ ရက်နှင့် ၁၉-၅-၂၀၂၄ ရက်များတွင် အသိပေး အကြောင်း ကြားစာများပေးပို့ခဲ့သော်လည်း လူကြီးမင်းတို့ဘက်မှ တစ်စုံတစ်ရာ အကြောင်းပြန်ကြားခြင်း၊ ရောင်းဖိုးကျန်ငွေများအား ဆက်လက်ပေးချေခြင်း လုံးဝမရှိခဲ့ပါ။ ထို့ကြောင့် လူကြီးမင်းတို့ဘက်မှ စာချုပ်ပါ စည်းကမ်းချက်အရ ဝယ်ယူသူအနေဖြင့် ပေးချေရန်ကျန်ရှိသည့် မြေကွက်ရောင်းဖိုးငွေများအား ဆက်လက်ပေးချေခြင်းမရှိသည့်အတွက် လူကြီးမင်းတို့ဘက်မှ ပေးချေခဲ့ပြီးသော မြေကွက်ရောင်းဖိုးစရန်ငွေများအား ဆုံးရှုံးပြီးဖြစ်ကြောင်းနှင့် လူကြီးမင်းတို့နှင့် ကျွန်ုပ်၏မိတ်ဆွေတို့ချုပ်ဆိုခဲ့သော အရောင်းအဝယ်စရန်ပေးစာချုပ်များအား လည်း ကျွန်ုပ်၏မိတ်ဆွေတို့ဘက်မှ ယနေ့ သတင်းစာကြော်ငြာပါရှိသည့်ရက်မှစ၍ တရားဝင်ဖျက်သိမ်းလိုက်ပြီ ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ ထို့ပြင် လူကြီးမင်းတို့ ဝယ်ယူသူများဘက်မှ ရောင်းဖိုးငွေများအားပြေကျေအောင် မပေးချေ ရသေးဘဲ ယုံကြည်နားလည်မှုဖြင့် လက်ဝယ်ရယူထားသော အရောင်းအဝယ်ပြုလုပ် ထားသည့် အထက်ဖော်ပြပါ မြေကွက်၏ ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများ အားလုံးအား ဆက်သွယ်၍ ပြန်လည်ပေးပါရန်နှင့် အဆိုပါမြေကွက်အား ကျွန်ုပ်၏ မိတ်ဆွေ ရောင်းချသူ များ၏ သဘောတူညီချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အမည်လွှဲပြောင်းခြင်း စသည်ဖြင့် မပြုလုပ်ကြပါရန် လေးလေး နက်နက် ယခုလို အသိပေးအကြောင်းကြား ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်သီတာစိုး (LL.B, D.I,L, D,B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၈၂/၂၀၁၉)
အမှတ် (၆၀)၊ မြေညီ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်
ဖုန်း-၀၉-၆၉၄၂၄၅၅၆၂

လက်ထပ်ထိမ်းမြားပြီးစီးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ လှိုင်သာယာ မြို့နယ်နေ ဦးသန့်ဇင်-ဒေါ်အေးအေးသက်တို့၏သား ကိုကျော် ဇင်သက်နှင့် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တာမွေမြို့နယ်နေ ဦးကျော်မင်း - ဒေါ်ခင်ခင်ဌေးတို့၏ သမီးငယ် ဒေါက်တာထက်ထက်ကျော်မင်း တို့အား နှစ်ဖက်သောမိဘ များ၏ သဘောတူညီချက်အရ ဂုဏ်သရေရှိ လူကြီးမင်း၏ ရှေ့မှောက်၌ ၁၂-၄-၂၀၂၄ ရက်တွင် ထိမ်းမြားလက်ထပ်ပြီးစီးပါ ကြောင်း။

နှစ်ဖက်သော မိဘများနှင့်
ကိုကျော်ဇင်သက် - ဒေါက်တာထက်ထက်ကျော်မင်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ ချမ်းမြဝတီရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၁/၂၊ သလ္လာမြို့သစ်)၊ ဦးပိုင်အမှတ်(၉လမ်း-၂၁)၊ ဧရိယာ၀ ဒသမ ၁၁၀ဧကရှိမြေအား အမှုတွဲအမှတ်၊ ၄၆၁ V ၁၉၉၁-၁၉၉၂ အရ (၂၈-၂-၁၉၉၂ မှ ၂၇-၂-၂၀၂၂) အထိ ဦးဝင်းမြင့် အမည်ဖြင့် နှစ်(၃၀)မြေငှားစာချုပ်ရရှိထားသော မြေကွက်အား အမှုတွဲအမှတ်၊ ၂၂၄ V ၂၀၁၂-၂၀၁၃အရ ဒေါ်စောကလျာဆွေအမည်သို့ ၂၄-၁၁-၂၀၁၂ရက်မှစ၍ မူလသက်တမ်း အတိုင်း အမည်ပြောင်းချထားပေးခဲ့ပြီး အဆိုပါမြေကွက်အား ဒေါ်စောကလျာဆွေမှ မြေငှားစာချုပ်(သက်တမ်းတိုး)လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံ စွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက် မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန် စည်းမျဉ်း ဥပဒေပါပြဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။**ကော်လိတ္တော်အရာရှိ**
မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

အများသိစေရန်ကြေညာချက်

Jasmines Season Co.,Ltd ၏ (၂၂-၄-၂၀၂၄)ရက်တွင် ကျင်းပသော ဒါရိုက်တာအဖွဲ့ အစည်းအဝေး ဆုံးဖြတ်ချက်အရ ဦးညီညီအောင်နှင့် ဒေါ်အိသီရီခိုင်တို့သည် ဒါရိုက်တာ အဖြစ်မှ ဆန္ဒအလျောက် နုတ်ထွက် ခြင်းအား အတည်ပြုပေးခဲ့ပြီးဖြစ် သဖြင့် အများပြည်သူနှင့် ငွေကြေး ဝန်ဆောင်မှုဆောင်ရွက်ပေးနေသည့် အဖွဲ့ဝင်များ သိရှိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
Jasmines Season Co.,Ltd.

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် CC/3465 Toyota Corolla CE 107 S/W(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းထွန်း ၁၂/တတန(နိုင်)၀၅၉၄၀၇ က (ကမ -၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွ က် နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ်(အ-၁၄)၊ ဦးပိုင်အမှတ် (၅)၊ ၆၄x၆၅ကြား၊ ကုသိုလ်တော်နှင့် ပရန်ချောင်းကြားရှိ ဂရန် မြေကွက်အား အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးဖုန်ကြားလုံ(ခ)ကျော်မျိုး ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ဆန်းတင် (ခ)ဆွန်းတင် ၁၃/သပန(နိုင်)၀၂၃၂၉၇ က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်(၇၀၃)၊ ဦးပိုင်အမှတ် (၆၃)၊ ၃၃x၃၄ကြား၊ ၇၃x၇၄လမ်းကြားရှိဒေါ်သန်းတင် အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင် ဦးအောင်ပြည်၊ မိခင် ဒေါ်သန်းတင်၊ သား ဦးအုန်းမြင့်၊ အမွေ မမှီမြေးဖြစ်သော ဦးဇော်လင်း (လူပျိုဘဝ)၊ သား ဦးသိန်းမြင့် အမွေမမှီမြေးဖြစ်သော ဦးဇော်ဇော်မြင့်(လူပျိုဘဝ)တို့ ကွယ်လွန်၍ ကျန်ရစ်သူ သား၊သမီး အမွေမမှီမြေးများ ဖြစ်သော ဦးတင်ဝင်း ၉/မရမ(နိုင်)၀၇၃၃၇၇၊ ဒေါ်လှမြင့် ၉/မရမ(နိုင်)၀၃၆၀၆၁၊ ဦးတင်မြင့် ၉/မရမ(နိုင်)၀၂၃၉၂၆၊ ဒေါ်တင်တင်လှ ၉/မရမ(နိုင်)၀၂၅၈၃၇၊ ဦးထွန်း ထွန်းဝင်း ၉/မရမ(နိုင်)၀၀၂၉၇၅၊ ဒေါ်သွယ် ၉/မရမ(နိုင်)၀၀၂၉၈၆၊ ဒေါ်တင်တင်ခိုင် ၉/ခအဇ(နိုင်)၀၂၄၁၉၆ တို့က ဘိုးဘအမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေ ဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက် ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မော်လမြိုင်မြို့နယ်၊ ဖက်တန်းရပ်ကွက်၊ ဒေါင်းမင်း(ဂ)လမ်း၊ အိမ်အမှတ် (၁၆)နေ ဖခင် ဦးတင်ဝင်းယု ၁၀/မလမ(နိုင်)၁၄၃၉၂၄ နှင့် မိခင် ဒေါ်ဝင်းဝင်းလှ ၁၀/မလမ(နိုင်)၁၄၃၇၇၉ တို့၏ သားဖြစ်သူ မောင်လွှမ်းယုအောင် ၁၀/မလမ (နိုင်) ၂၅၉၀၂၄ သည် မိဘတို့၏စကားကို လုံးဝ (လုံးဝ) နားမထောင်ဘဲ အက ြ ိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိဆန္ဒအတိုင်း ပြုမူသွားပါသဖြင့် အမွေစားအမွေခံအဖြစ်မှ အပြီးတိုင်စွန့်လွှတ်လိုက်ပါသည်။ မောင်လွှမ်းယုအောင် နှင့် ပတ်သက်သော အရှုပ်အရှင်းကိစ္စများအားလုံးသည် မိဘများနှင့် မသက်ဆိုင်တော့ကြောင်း ယနေ့မှစ၍ ကြေညာအပ်ပါသည်။

ဦးတင်ဝင်းယု - ဒေါ်ဝင်းဝင်းလှ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအဆင့်၊ ဇုန်(A)၊ တိုက်အမှတ်(A5)၊ အခန်းအမှတ်(၆၀၁)၊ Type (B)၊ Area (၉၀၅) sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးဟွမ်ကျားချန် ၁၃/လကန(နိုင်)၀၁၆၄၆၅ ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်တော်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လ က်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးစံတူ
၁၂/မဂဒ(နိုင်)၁၃၀၆၃၅
ဖုန်း-၀၉-၅၀၁၄၆၇၃

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
ဗန်းမော်ခရိုင်တရားရုံးတော်
၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၇

ဦးဘေဇာရက် နှင့် ၁။ ဒေါ်မြသွေး
၂။ ဒေါ်အေးမေ
(တရားလို) (တရားပြိုင်များ)

(၁) ဒေါ်မြသွေး (၂) ဒေါ်အေးမေ၊ ခွန်သာရပ်ကွက်၊ (ခသ/၂၀၄)ဗန်းမော်မြို့၊ ကချင်ပြည်နယ်နေ (ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးဘေဇာရက်က ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မေလ ၂၈ ရက် (၁၃၈၆ ခုနှစ်၊ ကဆုန်လဆုတ် ၆ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မေလ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သီတာမျိုးသန့်)
ဒုတိယခရိုင်တရားသူကြီး(၂)
ဗန်းမော်ခရိုင်တရားရုံး

အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ(၄)လမ်း၊ အမှတ်(၁၈၃/ခ) ၊ (၁)ခန်းတည်း RC(၆)ထပ် အဆောက်အအုံ၏ (ပထမထပ်)၊ (၂-လွှာ)၊ ဧရိယာ(၉၇၂) စတုရန်းပေရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်မော်မော်ဆွေ ၉/မနတ(နိုင်)၀၁၁၈၀၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်သူဇာလွင် ၉/အမဇ(နိုင်)၀၃၁၇၂၉ က အပြီးအပြတ်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာချုပ်စာတမ်း၊ စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဒေါ်သူဇာလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ခိုင်ဝင်း
(LL.B),WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၃၈၈)
အမှတ်(၆၀) ၊ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၈၁၉၉၃၀၀၊ ၀၉-၄၄၂၁၅၂၀၇၀

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း-၂)၊ ဦးပိုင်အမှတ် (၄၅)၊ ၃၇လမ်းမျက်နှာပြုနှင့် ၆၇ x ၆၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကိုကို၊ ဒေါ်မြင့်မြင့်သိန်းတို့ (၂)ဦးအနက် ခင်ပွန်းဖြစ်သူ ဦးကိုကို ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၄၉/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သည့် ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်သိန်း ၉/မရမ(နိုင်)၀၀၈၀၂၂ က အမှုတွဲအမှတ် ၀၄၀၄/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်း/သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ်(၇၅၀)၊ ဦးပိုင်အမှတ် (၂၁)၊ ၃၃-အေလမ်း၊ ၇၁x၇၂လမ်းကြားရှိ ဦးလှမင်း (တူမ) ဒေါ်ရီရီဝင်း အမည်ပေါက် တောဂရန်မြေကွက်အား (ခင်ပွန်း)ဖြစ်သူ ဦးလှမင်း ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၅၅၁/၂၀၂၃) ဖြင့် ဇနီးဖြစ်သူ ဒေါ်အေးအေးနှင့်(အမည်ပေါက်သူ) ဒေါ်ရီရီဝင်းတို့က အမွေဆက်ခံခဲ့ပြီး (မိခင်)ဖြစ်သူ ဒေါ်အေးအေး၊ (သမီး)ဒေါ်နွဲ့နွဲ့အေး(အပျိုကြီးဘဝ)ဖြင့်လည်းကောင်း အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင် ကြောင်းစာချုပ်အမှတ် (၄၃၀၃/၂၀၂၃) ဖြင့် အမွေဆက်ခံခဲ့သည့် ကျန်ရစ်သူ ဒေါ်ရီရီဝင်း ၁၂/မရက(နိုင်)၀၆၅၂၅၆၊ ဦးဇော်မင်းဦး ၉/ခအဇ(နိုင်)၀၀၁၄၇၉ က မိမိကိုယ်တိုင်နှင့် ဒေါ်ခင်အေးမင်း ၉/မရမ(နိုင်)၀၀၂၄၈၀ ၏ (GP ရရှိသူ ဦးဇော်မင်းဦး) တို့က အမှုတွဲအမှတ် ၀၄၀၀/၂၀၂၄-၂၀၂၅ ဖြင့် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးဟန်ငြိမ်း ၉/ညဥန(နိုင်)၁၃၈၁၁၉ သည် ပျဉ်တိုင်းကျေးရွာတွင်နေထိုင်ပြီး ပညာရေးဌာန အလက(ခွဲ)ထက်သာကုန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ကျွန်တော် ဦးဟန်ငြိမ်းသည် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်တွင် (ဟံ)ဖြစ်ပြီး ဘွဲ့လက်မှတ်၊ မှတ်ပုံတင်၊ အမှုထမ်းစာအုပ်များထဲတွင် (ဟန်) ဖြစ်နေသောကြောင့် (ဟံ/ဟန်)သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးဟန်ငြိမ်း (ခ) ဦးဟံငြိမ်း

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံး ဥပဒေ အမိန့် ၅၊ နည်းဥပဒေ-၂၀)
မိုးညှင်းခရိုင်တရားရုံးတော်
၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄

ဦးလှအောင် နှင့် ဦးသန်းနိုင်
တရားလို **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ သီးကုန်းကျေးရွာ (ရွှေဆည်)နေ တရားပြိုင် ဦးသန်းနိုင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လေးမျက်နှာဘုရားတည်ဆောက်ရန်အတွက် ကြိုတင်ထုတ်ယူထားငွေကျပ်သိန်း (၅၀၀)နှင့် ကတိပျက်မှုအတွက် လျော်ကြေးငွေ ၆၇၆၇၅၀၀၀ ကျပ် စုစုပေါင်းငွေကျပ် ၁၁၇၆၇၅၀၀၀/-ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်(၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၁ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ မေလ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇော်မင်းဦး)
ဒုတိယခရိုင်တရားသူကြီး
မိုးညှင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၂၁)လမ်း၊ အိမ်အမှတ် ၁၁၈ (၇)လွှာတွင်ရှိသော အလျား ၂၅ ပေ x အနံ (၅၀) ပေ၊ အကျယ်အဝန်းရှိ တိုက်ခန်းတွင်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူများဖြစ်သော ဒေါ်ဝါဝါခိုင် ၁၂/လသန(နိုင်)၀၀၉၅၂၀၊ ဦးသန်းထိုက် ၉/မမန(နိုင်)၀၁၃၁၂၅၊ ဦးတင်မင်းညို ၁၂/မဂဒ(နိုင်)၀၅၉၄၈၅ တို့ထံမှ ကျွန်တော် ဦးကျော်စွာထွဋ်မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း) များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်စွာထွဋ်
ဖုန်း-၀၉-၇၈၅၀၀၄၅၂၂

အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ ကွင်းအမှတ် (၁၆က/၃က)၊ ဦးပိုင်အမှတ် (၂၄/၄)၊ မြေချိန်ဧရိယာ ၀ ဒသမ ၂၃၀ ဧကရှိ မြေကွက်သည် မူလက ဦးထွန်းမြင့်၊ ဒေါ်ခင်ညိုညို(ခ)သန္တာဆွေ (၂)ဦးအမည်ဖြင့် ၂၅-၁၂-၂၀၄၈ ရက်အထိ နှစ်(၃၀) မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဦးထွန်းမြင့် ပါ(၂)ဦး (၎င်းတို့၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူဦးမင်းကျော်စွာ) တို့က (၄-၃-၂၀၂၄) ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၁၀၉/၂၀၂၄)အရ ဦးသူရရှမ်းကြည်အောင်ဦး (ခ)သူရအောင် ၁/မကန(နိုင်)၀၉၀၂၅၀၊ ဒေါ်ဆွေလဲ့ဝင်း ၁/မကန(နိုင်) ၀၇၈၃၇၃ (၂)ဦးထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးသူရရှမ်းကြည်အောင်ဦး (ခ) သူရအောင် ပါ(၂)ဦး အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခု ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက် ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ်(၁၂/၁ခ)၊ ဦးပိုင်အမှတ် (၁၅၂)၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၈၃ ဧကရှိမြေကွက်သည် မူလက ဦးအင်ဒီအူရားနော် အမည်ဖြင့် ၃၀-၆-၂၀၂၀ ရက်အထိ နှစ်(၃၀)မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဦးအင်ဒီအူရားနော်သည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်း၏တစ်ဦးတည်းသောတရားဝင်ဇနီး ဒေါ်မိုင်းလုံက ၁၄-၃-၂၀၂၄ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၁၂၆/၂၀၂၄)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး ၅-၄-၂၀၂၄ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၁၅၉/၂၀၂၄)အရ မူလမြေဧရိယာ ၀ ဒသမ ၁၈၃ ဧကအနက်မှ မြောက်ဘက်ခြမ်း မြေဧရိယာ ၀ ဒသမ ၀၉၂ ဧကအား ဦးပိုင်ခွဲစိတ်၍ ဒေါ်ခေါန်လွမ်း ၁/မကန(နိုင်)၁၆၁၅၃၅ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ခေါန်လွမ်း အမည်ဖြင့် မြေငှား ဂရန်(ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လှော်ကား၊
အိမ်အမှတ်(၁၇၂၅/ခ)၊ အောင်ခေမာလမ်း၊ အမှတ်(၁၆)ရပ်ကွက်နေ
(ဦးအုန်းသွင်)-ဒေါ်ခင်စန်း တို့၏သားကြီး
မောင်ဝင်းနိုင် (ခ) အတာ
နိုင်ငံသားမှတ်ပုံတင်အမှတ်(၁၂/ရပသ(နိုင်)၀၅၃၄၇၃)၊
နိုင်ငံကူးလက်မှတ်(MH-186565) နှင့်
တောင်ကြီးမြို့နယ်၊ အေးသာယာ၊ အမှတ်(၃)ရပ်ကွက်၊ ဇီဇဝါလမ်း၊
အိမ်အမှတ် ၃၆/၆၆-၆၇ နေ
ဦးမင်းယုနောင်-ဒေါ်ချိုချိုဦး တို့၏သမီး
မမေခိုင်ဦး
နိုင်ငံသားမှတ်ပုံတင်အမှတ်(၁၃/တကန(နိုင်)၁၈၂၁၁၅)၊
နိုင်ငံကူးလက်မှတ်(ME-161776) တို့သည်

နှစ်ဖက်မိဘခွင့်ပြုချက်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မကာအိုမြို့၊ မကာအိုကျောင်းတိုက် No.95, Rua de Kun Iam Tong, Edif.lao Hei , BI-1, 4-F, MACAU ၌ ၂-၁၁-၂၀၂၃ ရက်တွင် နှစ်ဖက်အသိသက်သေညှော့ပရိသတ်များရှေ့ လက်မှတ်ရေးထိုး ထိမ်းမြားမင်္ဂလာပြုလုပ်ပြီးကြောင်း အသိပေးကြေညာအပ်ပါသည်။

မောင်ဝင်းနိုင်(ခ)အတာ - မမေခိုင်ဦး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၁/၂)၊ မြေကွက်အမှတ် (၁၂၅+၁၂၆)၊ အကျယ်အဝန်း (၈၀ပေ x ၆၀ပေ)ရှိ ဦးတင်ထူး (K/ RGN-၀၃၆၁၆၆) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ကျော်စိုး (၁၃/လရန (နိုင်) ၁၃၅၈၀၁) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး	**ဒေါ်လင်းလင်းထက်**
LL.B, D.B.L, D.I.L.,	**LL.B,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)	အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5K/2285 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)
ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 18U/6239 NULANG 150 ယာဉ်လက်ဝယ်ရှိသူဦးရဲထွန်းသိန်း ၁၄/ဓနဖ(နိုင်) ၀၀၃၉၄၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထာ များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မအူပင်)
မအူပင်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/13573 Honda Scoopy 110 ယာဉ် လက်ဝယ်ရှိသူ Golden Mandalar Prince Co., Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)
မန္တလေးမြို့

အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ကွင်းအမှတ်(၄)၊ ဦးပိုင်အမှတ် (၂၃၅)၊ မြေချိန်ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်သည် မူလက ဦးတင်ခိုင် အမည်ဖြင့် ၃၀-၆-၂၀၂၀ ရက်အထိ နှစ်(၃၀) မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဦးတင်ခိုင်နှင့် ဇနီးဒေါ်လှဝေတို့(၂)ဦးသည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်းတို့၏ သား/သမီးများဖြစ်သည့် ဦးနေဝင်းအောင်၊ ဦးမြင့်ဇော်ထွန်း၊ ဒေါ်စိုးစိုးအောင်၊ ဒေါ်မြမြမိုး(ခ)မိုးမိုးအောင်၊ ဒေါ်စန်းစန်းနွဲ့၊ ဒေါ်စန်းစန်းမြင့် (၆)ဦးတို့က ၇-၁၁-၂၀၂၃ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင် အမှတ် (၅၂၀/၂၀၂၃)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး (၁၅-၂-၂၀၂၄)ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၀၇၃/၂၀၂၄)အရ မူလမြေဧရိယာ ၀ ဒသမ ၁၁၀ ဧကအနက်မှ တောင်ဘက်ခြမ်း ၀ ဒသမ ၀၅၅ ဧကရှိမြေကွက်အား ဦးပိုင်ခွဲစိတ်၍ ဒေါ်လှလှထွေး ၁/မကန(နိုင်)၁၂၈၁၂၆ ထံသို့ အပြီးအပိုင်ရောင်းချ ပေးခဲ့ပါသည်။ ယခုအခါ ဒေါ်လှလှထွေး အမည်ဖြင့် မြေငှားဂရန်(ဦးပိုင်ခွဲ/အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခု ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက် ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၇)၊ အနီးစခန်း၊ ကွင်းအမည် (အနီးစခန်းအရှေ့)၊ ကွင်းအမှတ် (၇၀၇)၊ ဦးပိုင်အမှတ် (၂၀၊ ၂၀/၇)၊ စုစုပေါင်း ဧရိယာ ၄ ဒသမ ၄၇ ဧကထဲမှ ဒေါ်နွဲ့ယဉ်ခိုင် လက်ရှိထားပိုင်ဆိုင်သည့် အရှေ့လားသော်-A-1 မြေကွက်၊ အနောက်လားသော်-A-4 မြေကွက်၊ တောင်လားသော်-မြေကွက်လွတ်၊ မြောက်လားသော်-လမ်း နယ်လေးရပ်အတွင်းရှိ မြေကွက်အမှတ် (A-2, A-3)၊ ဧရိယာ (၈၄/၈၂x၈၀/၈၀) ပေအကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်နွဲ့ယဉ်ခိုင်မှ ရောင်းချပိုင်ခွင့်၊ လွှဲပြောင်းပိုင်ခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတစ်ချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား၊ စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဖြူနှင်းသန့် (LL.B)	**ဒေါ်ခိုင်သူဇာကျော် (LL.B)**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**
စဉ်-၁၄၆၉၄	**စဉ်-၁၆၅၅၀**
အမှတ် (၁၈၄)၊ ရွှေဘိုစု၊	**အမှတ် (၁၄၇)၊ ပြည်တော်သာ (၃)လမ်း၊**
အနီးစခန်း၊ ရပ်ကွက်ကြီး (၁၇)၊	**ရပ်ကွက်ကြီး (၅)၊ ပြင်ဦးလွင်မြို့။**
ပြင်ဦးလွင်မြို့။	**ဖုန်း-၀၉-၉၅၉၈၆၅၄၃၄**
ဖုန်း-၀၉-၇၉၆၄၆၅၀၁၂	

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း သာသနာ့ ဒါယိကာမကြီး
ဒေါ်မြစိန်
အသက်(၉၁)နှစ်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ကျုံကဒတ်ကျေးရွာနေ (ဦးဘိုးသန်း-ဒေါ်သိန်းညွန့်)တို့၏သမီးကြီး၊ (ဦးကြည်ဝင်းစိုး)-ဒေါ်ဥမ္မာကျော်၊ ဦးနေဝင်းကျော်-ဒေါ်တင်တင်ဝင်း၊ ဦးဉာဏ်ဝင်းကျော်-ဒေါ်စိုးစိုးဝင်း၊ ဒေါ်ကေသီကျော်၊ ဦးရဲဝင်းကျော်-ဒေါ်သီတာဦးတို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေး(၆)ယောက်၊ မြစ်(၂)ယောက်တို့၏အဘွား၊ (ဦးကျော်ဒင်) [ညွှန်ကြားရေးမှူး (ငြိမ်း)စက်မှု-စားကုန်]၏ချစ်လှစွာသောဇနီး ဒေါ်မြစိန် အသက်(၉၁)နှစ်သည် ၁၃၈၆ခု၊ ကဆုန်လဆန်း(၄)ရက်၊ ၁၁-၅-၂၀၂၄ရက်(စနေနေ့)နံနက် ၇:၄၀ နာရီတွင် နေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၁၃-၅-၂၀၂၄ရက် (တနင်္လာနေ့) နံနက် ၁၀:၀၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၇-၅-၂၀၂၄ရက်(သောကြာနေ့)နံနက်တွင် ဘုရားအမှူးရှိသော ပင့်သံဃာတော် အရှင်သူမြတ်တို့အား ဒါတဗ္ဗဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းအမျှပေးဝေလိုပါသောကြောင့် ဒဂုံမြို့သစ်(မြောက်ပိုင်းမြို့နယ်)၊ (၄၆)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အိမ်အမှတ်(၆၂)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ရဟန်း၊သိမ်၊ကျောင်း သာသနာ့ ဒါယိကာမကြီး
ဒေါ်မြစိန်
အသက်(၉၁)နှစ်

သူငယ်ချင်း ဦးဉာဏ်ဝင်းကျော်၏ ချစ်လှစွာသောမွေးသမိခင်ကြီး ဒေါ်မြစိန် အသက်(၉၁)နှစ်သည် ၁၁-၅-၂၀၂၄ရက်(စနေနေ့)နံနက် ၇:၄၀ နာရီတွင် ဘဝတစ်ပါးသို့ပြောင်းရွှေ့ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ် အမှတ်စဉ်(၂၆)မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးရန်နောင်(ဗိုလ်ကြီး-ငြိမ်း)
အသက်(၉၅)နှစ်

တေဇ(၂၃)မှ သူငယ်ချင်း သန့်ဇင်၏ဖခင် ဦးရန်နောင် (ဗိုလ်ကြီး-ငြိမ်း) အသက်(၉၅)နှစ်သည် (၉၆)ပါးသော ရောဂါဖြင့် ၃၀-၄-၂၀၂၄ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါကြောင်း။

တေဇ(၂၃)မှ သူငယ်ချင်းမိသားစုများ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀၈)၊ ဗညားဒလလမ်း၊ မြေကွက်အမှတ်(၅၇၈)၊ (အလျား ၄၀ပေx အနံ၆၀ပေ)အကျယ်အဝန်းရှိ မြေချပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်လှစိန် ၁၂/သကတ(နိုင်)၁၀၆၁၇၅ထံမှ ဝယ်ယူပိုင်ဆိုင်သူ ဦးအောင်ကျော်စိုး ၁၂/တမန(နိုင်) ၀၀၈၉၂၆မှ မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ကြောင်း၊ ပြန်လည်ရောင်းချပိုင်ခွင့် ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာ ကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့်၊ ကျွန်ုပ်မိတ်ဆွေက အဆိုပါမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဝင်းဝင်းနွယ်(B.A(ECO)H.GP) အထက်တန်းရှေ့နေ (စဉ်-၁၁၈၆၉)၊
အမှတ်(၁၂၈/က)၊ ဟိုင်ဆင်ဒူးဝါးလမ်း၊(၁၂)ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၅၃၈၀၇၄၄၉

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးညီညီလွင် ညွှန်ကြားရေးမှူး ၊ တည်ဆောက်ရေး(၉)
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
အသက် (၆၂) နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)မိုင်၊ ဘောဂလမ်း၊ အမှတ်(၂၄)နေ ဦးညီညီလွင် ညွှန်ကြားရေးမှူး၊ တည်ဆောက်ရေး(၉)သည် (၉-၅-၂၀၂၄)ရက် (ကြာသပတေးနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်စန်း
အသက်(၇၆)နှစ်

တေဇ(၂၃)မှ သူငယ်ချင်း ရန်နောင်စိုး ၏မိခင် ဒေါ်ခင်စန်း အသက်(၇၆)နှစ် သည် (၉၆)ပါးသောရောဂါဖြင့် ၁၁-၅-၂၀၂၄ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် သူငယ်ချင်း မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါကြောင်း။

တေဇ(၂၃)မှ သူငယ်ချင်း မိသားစုများ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၁)လမ်း၊ အမှတ်(၂၀)၊ စတုတ္ထထပ်၊ (၅-လွှာ)၊ခြေရင်း၊ တိုက်ကိုမျက်နှာမူလျှင်(ညာ)ဘက်တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်နွယ်ဝင်း ၁၂/လမန(နိုင်)၀၃၇၇၂၂ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမျိုး ၁၂/မဂဒ(နိုင်)၁၄၄၁၂၆က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်စုစုခိုင် (LL.B, D.B,L, D.I.L)	**ဒေါ်ခင်စောသိန်း (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃)	**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၈၆)**

တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၃၀၂၆၁၉၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ ကန်ကြီးရပ်ကွက်၊ အကွက်အမှတ်(၃/ကန်ကြီး)၊ ဦးပိုင်အမှတ်(၃၈၂)၊ ဧရိယာ(၀.၀၅၉)ဧက ရှိဘိုးဘပိုင်မြေကွက်များသည် အောင်လံမြို့နယ်မြေစာရင်းဦးစီးဌာနရှိ စာရင်းမြေပုံများတွင်ဦးသိန်းအောင်ပါ(၁၆)ဦးတို့အမည်ပေါက်ပြီး ၎င်းအမည်ပေါက်အိမ်မြေကွက်အား(၁၀-၄-၂၀၂၄)ရက်စွဲပါ စွန့်လွှတ်စာချုပ်အမှတ်(၁၃/၂၀၂၄)အရ ဒေါ်မိုးဖြူမှ ၎င်းအမည်သို့ အမည်ပြောင်းလဲပေးပါရန်လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ(၃၀)ရက်အတွင်း စာရွက်စာတမ်းမူရင်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

မြို့နယ်ဦးစီးဌာနမှူး
အောင်လံမြို့နယ်မြေစာရင်းဦးစီးဌာန

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ် ၄၈၀၊ ဦးပိုင်အမှတ် (၂-က)၊ သီဟတိုက်သစ်ဘုန်းကြီးကျောင်းအနီးရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြမြသန်း ၉/ကပတ(နိုင်)၀၂၂၂၂၆က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောင်လံမြို့၊ ဈေးကုန်းရပ်ကွက်၊ အကွက်အမှတ်(၂/ဈေးကုန်း)၊ ဦးပိုင်အမှတ်(ဃ/၄၁)၊ ဧရိယာ (၀.၃၄၃)ဧကရှိ ဘိုးဘပိုင်မြေကွက်များသည် အောင်လံမြို့နယ်မြေစာရင်းဦးစီးဌာနရှိစာရင်းမြေပုံများတွင် ဦးစံလွင်အမည်ပေါက်ပြီး ၎င်းအမည်ပေါက်အိမ်မြေကွက်အား (၈-၅-၂၀၂၄)ရက်စွဲပါ အရောင်းအဝယ်စာချုပ်အမှတ်(၁၇/၂၀၂၄)အရ ဒေါ်ကြည်ကြည်လွင်မှ ၎င်းအမည်သို့ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ(၃၀)ရက်အတွင်း စာရွက်စာတမ်းမူရင်းအထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

မြို့နယ်ဦးစီးဌာနမှူး
အောင်လံမြို့နယ်မြေစာရင်းဦးစီးဌာန

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 36W/77851, Suzuki Smash-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးအောင် ၈/သရန(နိုင်)၀၇၅၉၃၉က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(သရက်)

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးမင်းလတ် (၁၂/ဒဂတ(နိုင်)၀၃၄၆၁၁) (CDC 65106) ၏ SEA-SERVICE မူရင်း စာရွက် (၂) ရွက်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၀၅၅၀၇၄၄

သင့်သွေးဖြင့် အသက်ကယ်ပါ

ပတ်စ်ပို့ပျောက်

ကျွန်မ မညွန့်ညွန့်ခင် ၉/မရမ(နိုင်)၀၃၇၆၆၅ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၅၅၄၄၈၈၊
၀၉-၇၈၅၅၅၄၄၈၈

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ရွှေအိုး(၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ် (၆၀)နေ ဒေါ်ဥမ္မာဌေး ၈/တတက(နိုင်)၀၁၆၃၁၁ ၏သား မောင်ချမ်းငြိမ်းကျော် ၈/တတက(နိုင်)၂၁၈၂၅၅ သည် မိခင်ကြီး၏ ဆိုဆုံးမမှုကို နာခံ ခြင်းမရှိဘဲ မိခင်ကြီးအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်း၊ နောက်နောင် မောင်ချမ်းငြိမ်းကျော်နှင့် ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိခင် ဒေါ်ဥမ္မာဌေး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၈)၊ မြေကွက်အမှတ်(၉၄၆/ခ)၊ မြေကွက်တည်နေရာ (၉၆၄/ခ)၊ ခိုင်သဇင်လမ်း၊ (၈၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးတင်ထွဋ်(TKA-၀၇၂၂၇)အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဦးတင်ထွဋ် (TKA-၀၇၂၂၇)ထံမှ အရောင်းအဝယ် အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူသူ ဦးသစ်လွင် ၁၂/သကတ(နိုင်)၀၉၅၈၇၆မှ ပါမစ်မူရင်း(မူရင်းတုံးပါ) တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထား လာခြင်းအား တင်ပြပါမစ်တွင် အမည်ပေါက်လက်မှတ်မပါရှိခြင်းနှင့်ပတ်သက်၍ လျှောက်ထားသူမှ ဌာနဝင်စာ-၁၄၂၈၆/၂၃-၁၁-၂၀၂၃ဖြင့် စတင်ဝယ်ယူချိန်ကတည်းက သေချာစွာကြည့်ရှု၍ သိရှိခဲ့ခြင်းမရှိကြောင်းနှင့် ယနေ့အချိန်အထိ လက်ရှိထားပိုင်ဆိုင်သူတစ်ဦးဖြစ်ကြောင်း ကျမ်းကျိန်လွှာပူးတွဲရှင်းလင်းတင်ပြလာပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးရာ(၁)ထပ်အုတ်ညှပ်အဆောက်အအုံ(၁)လုံးရှိပြီး အိမ်ငှားများထားရှိခြင်းနှင့် မြေကွက်အမှတ်(၉၆၄/က)နှင့်တွဲ၍ အသုံးပြုထားခြင်းနှင့်ပတ်သက်၍ လျှောက်ထားသူမှ ဌာနဝင်စာ-၇၅၁/၁၈-၁-၂၀၂၄ဖြင့်အဆိုပါ အိမ်ငှားဆိုသူများမှာ ၎င်း၏သားသမီးများဖြစ်ကြပြီး အဆိုပါမြေကွက်အား စတင်ဝယ်ယူခဲ့သည့်အချိန်မှစ၍ ၎င်းတစ်ဦးတည်းသာ ယနေ့အထိ လက်ရှိပိုင်ဆိုင်ထားသူတစ်ဦးဖြစ်ကြောင်း၊ ထိုမြေကွက်နှင့်ပတ်သက်၍ ဖြစ်ပေါ်လာသည့်ကိစ္စအဝဝအား ၎င်းမှ တာဝန်ယူမည်ဖြစ်ကြောင်း ဝန်ခံကတိနှင့် မြေကွက်အမှတ်(၉၆၄/က)၏ ပိုင်ဆိုင်မှုအထောက်အထား မိတ္တူများ ပူးတွဲတင်ပြလာပါသဖြင့် ဦးသစ်လွင်မှ ပါမစ်မူရင်းတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်(၁၅၅)နေ ဒေါ်ယုမွန်သင်း (ဘ) ဦးမြင့်ဦး ၉/မဟမ(နိုင်)၀၀၈၉၉၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက် အမှတ် (၁၅၅)၊ ၈၀x၈၁ လမ်းကြား၊ ၂၁x၂၂ လမ်းကြား၊ ဗိုလ်မကြီးဝင်း၊ ဦးပိုင်အမှတ် (၄၅/၁၂)၊ (၃၁x၄၄)ပေအကျယ်အဝန်းရှိ မြေကွက်အား ဗိုလ်မကြီး (ခ) အာဒမ်မနိ(ခ)အာရမဏိထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့သူ ဦးနိုင်ဝင်း ၉/မရမ(နိုင်)၀၀၇၅၁၆က ကျွန်ုပ်မိတ်ဆွေ ဒေါ်ယုမွန်သင်းအား (၁၆-၉-၂၀၁၀)ရက်က အရပ်ကတိစာချုပ်ဖြင့် ရောင်းချခဲ့ပါသည်။ ဒေါ်ယုမွန်သင်းသည် ဖော်ပြပါ မြေကွက်ပေါ်တွင် ယနေ့အချိန်အထိ ဝယ်ယူပိုင်ဆိုင် လက်ရှိနေထိုင်အသုံးပြုလျက်ရှိပါသည်။

ကျွန်ုပ်မိတ်ဆွေ ဒေါ်ယုမွန်သင်းဝယ်ယူပိုင်ဆိုင် အသုံးပြုလျက်ရှိသော ဖော်ပြပါမြေကွက်မှာ ယခင်က ဗိုလ်မကြီး (ခ) အာဒမ်မနိ(ခ)အာရမဏိပိုင်ဆိုင်ခဲ့သော မြေကွက်ဖြစ်သောကြောင့် ဗိုလ်မကြီးဝင်းဟု ခေါ်ဝေါ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ဖော်ပြပါမြေကွက်၏ မူလပိုင်ရှင်မှာ ခရစ်ယာန်ဘာသာ ကိုးကွယ်သူတစ်ဦးဖြစ်၍ ၎င်း၏အမည်မှာ ဗိုလ်မကြီး (ခ) အာဒမ်မနိ (ခ) အာရမဏိ ဖြစ်ပြီး တစ်ဦးတည်းဖြစ်ကြောင်း သိရှိရပါသည်။

ဖော်ပြပါမြေကွက်မှာ ဗိုလ်မကြီး (ခ) အာဒမ်မနိ (ခ) အာရမဏိ ပိုင်ဆိုင်ခဲ့သော မြေကွက်ဖြစ်ပြီး ၎င်းအနေဖြင့် မည်သည့်ဘာသာရေးအသင်း၊ အဖွဲ့အစည်းများသို့ လှူဒါန်းထားခြင်းမရှိကြောင်း သိရှိရပါသည်။ ဖော်ပြပါမြေကွက်မှာ မည်သည့်ဘာသာရေးအသင်း၊ အဖွဲ့အစည်းများနှင့် သက်ဆိုင်ခြင်းမရှိကြောင်း ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ယုမွန်သင်း၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ**
ဒေါ်ယုမွန်သင်း (ဘ) ဦးမြင့်ဦး	**ဒေါ်နေခြည်မင်း (LL.B)**
၉/မဟမ (နိုင်)၀၀၈၉၉၃	**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၄၁)**
	အကွက်(၃၄)၊ အမရဌာနီအရှေ့ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။

အများသိစေရန် ကြေညာချက်

မိတ္ထီလာမြို့၊ မြို့မ(၄)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၂/မင်းရပ်)၊ ဦးပိုင်အမှတ်(၇၄-က၊၇၄-ခ)၊ မြေကွက်အမှတ်(၁၂၇/၂၁၆၊၁၂၇)၊ မြေဧရိယာ(၀.၀၃၃)ဧကရှိ မြေကွက်သည် မူလက ဒေါ်သန်းဆင့်အမည်ဖြင့် (၂၆-၁၀-၁၉၉၉)ရက်မှ (၂၅-၁၀-၂၀၂၉)ရက်အထိ နှစ်(၃၀)ဂရန်ရရှိထားသော မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေငှားဂရန် အမည်ပေါက်ဖြစ်သူ ဒေါ်သန်းဆင့်မှာ(၃၀-၉-၂၀၁၆)ရက်တွင်လည်းကောင်း၊ ခင်ပွန်းဖြစ်သူ ဦးစံခိုင်မှာ (၆-၅-၁၉၅၃)ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားကြပြီး သားများဖြစ်ကြသော ဦးထွန်းမြင့် ၉/မထလ(နိုင်)၀၂၀၆၉၅၊ ဦးကျော်နိုင် ၉/မထလ(နိုင်)၀၇၀၉၅၄ တို့မှ မိခင်ဖြစ်သူ ဒေါ်သန်းဆင့်အမည်ပေါက် မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားသဖြင့် မြေငှားဂရန်မိတ္တူမှန် ထုတ်ပေးပါရန် လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုသူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာလိုက်သည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မိတ္ထီလာခရိုင်

သွေးသည် အသက်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4E/7059, Mitsubishi Canter FB 70AB,VAN ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်ရီ ၁၂/လသန(နိုင်)၀၀၄၅၀၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၈ဃ/၂၅၈၁၇, New Zhineng 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေအောင်မင်း ၇/ပမန(နိုင်) ၁၉၉၀၅၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ပြည်) ပြည်မြို့

နိုင်ငံကူးလက်မှတ် ပျောက်ဆုံးကြောင်း

(ဘ) ဦးလီးရင်ဆန်၏ သမီးဖြစ်သူ မကျိုန်းရှု (၁၃/နခန(နိုင်)၀၉၃၄၀၃) ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) ပျောက်ဆုံးသွားသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၈၆၃၂၄၀၃၅

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ(၁)၊ အကွက်အမှတ်(၁+၁၀တိုးချဲ့)၊ ဦးပိုင်အမှတ်(၇၉)၊ မြေချိန်ဧရိယာ(၀.၀၉၆)ဧကရှိ အမှုတွဲအမှတ် ၁၈၀-၅/၁၉၉၉-၂၀၁၁(စီ)ဖြင့် ဦးတင်အုန်းအမည်ပေါက်ပိုင်ဆိုင်သောမြေကွက်အား ဦးအောင်ဇင်ထွန်း (၁၄/မမန(နိုင်)၂၂၈၄၃၂)နှင့် ဒေါ်ယဉ်မျိုးချစ်(၁၃/နဆန(နိုင်)၀၄၃၉၀၅တို့မှ အိမ်မြေကွက် အပြီးအပိုင်အရောင်းအဝယ် စာချုပ်အမှတ်(၂၅၀၊/၂၀၂၂)ဖြင့် ဝယ်ယူပိုင်ဆိုင်ထားရှိပြီး ၎င်းမြေငှားလိုင်စင်သည် နေအိမ်ပြောင်းရွှေ့စဉ်ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း ပိုင်ဆိုင်မှုအရှုပ်အရှင်းမရှိကြောင်း အခြားသူများထံပေါင်နှံထားခြင်း၊ ရောင်းချထားခြင်း၊ အာမခံထားခြင်းများ မရှိပါကြောင်းနှင့် မြေငှားလိုင်စင် ထုတ်ပေးနိုင်ပါရန် လျှောက်ထားမှုအပေါ် ကန့်ကွက်လိုပါက ရက်ပေါင်း (၂၀) အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန၊ လားရှိုးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 11W/90091, Honda Wave NF-100R ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသက်ဦး ၉/မနမ(နိုင်)၁၁၄၃၁၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4H/1031, MITSUBISHI FUSOFT 54JNY TRUCK ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းသန်းနိုင် ၈/ရစက(နိုင်)၀၄၆၇၆၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

❖ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ ပညာရည်မြင့်မားရေး၊ တိုင်းရင်းသားညီအစ်ကိုအားလုံး စည်းလုံးညီညွတ်ရေးတို့သည် မိမိတို့ဦးတည်ရမည့် အမျိုးသားရေးကိစ္စ၊ အမျိုးသားရေးအကျိုးစီးပွားပင် ဖြစ်ပါသည်။...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သော (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

သထုံမြို့နယ် ရန်ကုန် - မော်လမြိုင်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ ကျုံ့အိတ်တံတားကို KNLA အဖွဲ့မှ အကြမ်းဖက်မှုလိုလားသူများနှင့် PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် မေ ၁၁

အကြမ်းဖက် သမားများသည် နိုင်ငံ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန်၊ ဒေသတွင်းကုန်စည်စီးဆင်းမှုရပ်တန့်စေပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် အများပြည်သူ အသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ ရုံးဌာနအဆောက်အဦများ၊ စာသင်ကျောင်းများ၊ အများပြည်သူ နေထိုင်လျက်ရှိသော နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ကျေးရွာများအတွင်း ဝင်ရောက်၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ ❋

KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများနှင့် PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့မှ ကျုံ့အိတ်တံတားအား မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် တံတားပျက်စီးနေမှု။

ယနေ့ သတင်းအညွှန်း

ပြည်ပအလုပ်အကိုင် အေဂျင်စီများအနေဖြင့် အခွန်လျှော့ပေါ့စေရန်ရည်ရွယ်၍ စာရင်းများအား လိမ်လည်ပြုစု တင်ပြလာကြောင်း စိစစ်တွေ့ရှိပါက ထိရောက်စွာအရေးယူခံရမည် ပြည်တွင်းသတင်း စာ ၂

အာဖဂန်နစ္စတန်၌ ရေကြီးမှုကြောင့် ၁၅၀ ထက်မနည်းသေဆုံး နိုင်ငံတကာသတင်း စာ ၁၃

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ PAL Hotel တွင် လောင်းကစားဝိုင်း ဖွင့်လှစ်လုပ်ကိုင်လျက်ရှိကြောင်း သတင်းအရ ဝင်ရောက်ဖမ်းဆီးရာ တရုတ်နိုင်ငံသား ၉ ဦးနှင့် မြန်မာနိုင်ငံသား ၃၈ ဦးတို့အား လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် သက်သေခံပစ္စည်း/ငွေကြေးများနှင့်အတူ ဖမ်းဆီးရမိ ပြည်တွင်းသတင်း စာ ၁၄

ဖူလ်ဟမ်ကို ဂိုးပြတ်နိုင်ပွဲရပြီးနောက် ပရီမီယာလိဂ်ဖလားဆွတ်ခူးရေး နီးကပ်လာသည့် မန်စီးတီး

ပရီမီယာလိဂ်ပွဲစဉ် (၃၇) မှ ဖူလ်ဟမ်နှင့် မန်စီးတီးအသင်းပွဲစဉ်ကို မေ ၁၁ ရက် ည ၆ နာရီက ဖူလ်ဟမ်အသင်း အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက တိုက်စစ်ခြေစွမ်းပြပြီး လေးဂိုးပြတ်အနိုင်ရရှိကာ ဒုတိယနေရာမှ အာဆင်နယ်အသင်းထက် နှစ်မှတ်အသာ ရမှတ် ၈၅ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။

အိမ်ရှင် ဖူလ်ဟမ်အသင်းသည် ဧပြီ ၁၄ ရက်က ဝက်စ်ဟမ်း

စာမျက်နှာ ၁၈ ကော်လံ ၁ ❍

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၂) မေ ၁၃၊ ၁၄ ရက် ကျင်းပမည်

ရန်ကုန် မေ ၁၁

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၂) ကို မေ ၁၃၊ ၁၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပွဲစဉ် (၁) တွင် နိုင်ပွဲပျောက်ခဲ့သည့်အသင်းကြီးများ၊ အဖွင့်ပွဲတွင် ရလဒ်ကောင်းခဲ့သည့် အသင်းများ၏ နိုင်ပွဲရရှိရေး ကြိုးပမ်းမှုများကို ထပ်မံမြင်တွေ့ရမည်ဖြစ်သည်။

ယခုရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲကို အသင်းစုစုပေါင်း ခုနစ်သင်းဖြင့်ကျင်းပလျက်ရှိသည်။ ပွဲစဉ် (၂) အဖြစ် မေ ၁၃ ရက်တွင် စလင်းကွင်း၌ YREO အသင်းနှင့် မြဝတီအသင်း၊ မေ ၁၄ ရက်တွင် စလင်းကွင်း၌ သစ္စာအားမာန်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ ပဒုမ္မာကွင်း၌ အား/ကာသီပွဲအသင်းနှင့် ရှေ့ဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရဲရင့်လွင်